# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၂၅)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

**ယနေ့ ဇတ်စရာ**

**လက်ပံတန်းမြို့နယ်၌ နှစ်ရှည်သီးနှံစိုက်ခင်းများတွင် ရောနှောစိုက်ပျိုးနိုင်သည့် ရိုဘက်စတာကော်ဖီပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိ**

ပြည်တွင်းသတင်း ◆ စာ ◆ ၈

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရေအားလျှပ်စစ်**

ဆောင်းပါး ◆ စာ ◆ ၁၀

**စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆီသို့ ဆက်လက်လျှောက်လှမ်းမည်ဟု တူကီယဲသမ္မတ ပြော**


နိုင်ငံတကာသတင်း ◆ စာ ◆ ၁၄

## လက်ရက်ကန်းနှင့် သဘာဝဆိုးဆေးအထည်များပြပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

သဘာဝဆိုးဆေးနှင့် လက်ရက်ကန်းအထည် ပြုလုပ်မှုအဆင့်ဆင့်ကို လေ့လာနိုင်မည့် အထူးပြပွဲကို ဩဂုတ် ၂၈ ရက်မှ ၃၁ ရက်အထိ Yangon City Mall St. John ၌ ကျင်းပသွားမည်ဖြစ်ကြောင်း Stallion Goddess မှ ထုတ်ပြန်ထားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻



## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

ရန်ကုန် ဩဂုတ် ၂၅

ယနေ့ နံနက် ၅ နာရီခွဲတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ် မြောက်ပိုင်းတို့ကို ဖြတ်ကျော်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်နှင့် ဩရိဿပြည်နယ်မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



## မြန်မာ - ဗီယက်နမ် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၅

Union of Myanmar Travel Association (UMTA) နှင့် Visit Indochina တို့ ပူးပေါင်းစီစဉ်သည့် Da Nang–Hue–Hoi An ၅ ရက် ၄ ည Famtrip ခရီးစဉ်အတွင်း မြန်မာ–ဗီယက်နမ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများကို ရှေ့ဆက်၍ ပိုမို တိုးမြှင့်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း UMTA မှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❑



**“ယခုကဲ့သို့ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူး ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံ ကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏ အားသာချက်များ၊ ကောင်းမွန်သည့် အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ် အသုံးချဆောင်ရွက်သွားကြရမည်”**

◆ *ရှေ့မှ*

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### ပြည်ပခရီးစဉ်များ သွားရောက်နိုင်ခြင်းအားဖြင့် နိုင်ငံတကာသံတမန်ရေးရာနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံ ကဏ္ဍစုံ၌ ပိုမိုခိုင်မာအားကောင်းစေမည်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ အဆိုပါနိုင်ငံများမှ အကြီးအကဲများ၏ ဖိတ်ကြားချက်များအရ သွားရောက်ခဲ့ကြောင်း၊ ပထမဦးစွာ ထိုင်းနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ ပိုမိုတိုးတက်ခိုင်မာလာစေရေးနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ဒေသ လုံခြုံတည်ငြိမ်အေးချမ်းရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍လည်း ၎င်းတို့သည် မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌတို့နှင့်တွေ့ဆုံစဉ် အလေးအနက်ထား ထည့်သွင်းဆွေးနွေးနိုင်ခဲ့ကြောင်း။

မကြာသေးမီရက်ပိုင်းအတွင်းက သွားရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ခရီးစဉ်များတွင်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်နိုင်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ အာကာသနည်းပညာနှင့် ကာကွယ်ရေး၊ စက်မှုလက်မှုကဏ္ဍများအပါအဝင် နယ်ပယ်စုံ ကဏ္ဍစုံမှ အောင်မြင်သည့် ဆွေးနွေးမှုရလဒ်များ ထွက်ပေါ်လာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အိမ်နီးချင်းနိုင်ငံများ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုနှင့် အဓိကကျသည့် ကုန်သွယ်ရေးအချက်အချာ ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း သိရှိထားကြရန်လိုကြောင်း၊ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ **အားသာချက်များနှင့် မိမိတို့နိုင်ငံ၏အားသာချက်များကို ပေါင်းစပ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏ အားသာချက်များ၊ ကောင်းမွန်သည့် အချက်များကို မိမိတို့အနေဖြင့် လေ့လာဆန်းစစ်အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

### နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ်အလုပ်လုပ်ကြရန်လို

နိုင်ငံတော်တွင် ခေတ်အဆက်ဆက်ကဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုပါက စီးပွားရေးကျဆင်းမှုကို အဓိကအခြေခံ၍ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေမှန်များကို မှန်မှန်ကန်ကန်ဖြင့် တင်ပြကြရန်လိုကြောင်း၊ တင်ပြသည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံတွက်ချက်၍ နိုင်ငံစီးပွားတိုးတက်မှုရှိစေရေး စီမံချက်များ၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် မြေပြင်ပကတိအခြေအနေမှန်နှင့် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိစေရေး စနစ်တကျစိစစ်တင်ပြကြရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းအနေဖြင့် စီးပွားရေးအားကောင်းမွန်မှုရှိစေရေး၏ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပြီး မိမိတို့အနေဖြင့်လည်းရနိုင်သမျှသော စွမ်းအားများနှင့် အခွင့်အလမ်းများကို အသုံးချပြီး စီးပွားရေးအားကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် အချို့နိုင်ငံများအနေဖြင့် စီးပွားရေးအရနှင့် နိုင်ငံရေးအရ ပိတ်ဆို့မှုများရှိနေသောကြောင့် ထိုက်သင့်သလောက် တိုးတက်မှုမရရှိဘဲ နှောင့်နှေးနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုမြှင့်တင်၍ ပို့ကုန်ကဏ္ဍမြှင့်တင်ပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင် မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ ကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပြီး သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိလာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဟူသည့်အတိုင်း ပြည်ပမှ ထောက်ပံ့ငွေများ၊ ချေးငွေများကိုမိမိတို့အနေဖြင့်အားကိုးနေ၍ရမည်မဟုတ်ဘဲ ပြည်တွင်း၌ ရှိသမျှသောစွမ်းအားများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ အဓိကလိုအပ်နေသည်မှာ အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ကြရန်သာဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေး အလေးထားဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြေပေါ်မြေအောက်သယံဇာတနှင့် တွင်းထွက်ပစ္စည်းများ ထုတ်ယူဆောင်ရွက်ခြင်းထက် ပြန်လည်ဖြည့်တင်းဆောင်ရွက်နိုင်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများကိုသာ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိနိုင်ရေးဆောင်ရွက်ရာတွင် မြန်မာ့ပေါ်ဆန်းမွှေးစပါးကို တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်ရေး၊ ဈေးကွက်ပြန်လည်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြေကိုအကျိုးရှိရှိ အသုံးချသွားကြရန်နှင့် တစ်ဧကအထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **“ဥစ္စာရင်လို ဥစ္စာရင်ခဲ”** ဟူသည့်အတိုင်း မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းများ အောင်မြင်မှုရှိစေရေးနည်းလမ်းရှာ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လုပ်ချင်ကိုင်ချင်စိတ်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ထိုကဲ့သို့ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရရှိရေးသည် မဖြစ်မနေလိုအပ်ချက်တစ်ခုပင်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံ၌ ၁၉၇၃ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အတန်းပညာမရှိသူမှာ မိမိတို့နိုင်ငံ၏ လူဦးရေ၏ ၅၈ ဒသမ ၁၈ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ်တွင် ၄၁ ဒသမ ၀၉ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါအခြေအနေကို ကြည့်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ပညာရေးမှာ ထိုက်သင့်သလောက်တိုးတက်လာသည်ကိုတွေ့ရကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များပေါ်များလာမှသာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် ပညာရေးကိုနည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဆိုင်ရာ တာဝန်ရှိသူများအား ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ခြင်း၊ ကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေးမှအစ လိုအပ်သည့်အခြေခံသင်ထောက်ကူပစ္စည်းများပြည့်စုံမှုရှိစေရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံအထက်တန်းကျောင်းများ၊ စိုက်ပျိုးမွေးမြူရေးသိပ္ပံများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိပြီးဖြစ်သဖြင့် အဆိုပါ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်လာစေမည်ဖြစ်**ကြောင်း၊ ထို့ကြောင့်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးအနက်ထား ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ဝါစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ဝါစိုက်ပျိုးခြင်း၊ ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှ ချည်မျှင်ကိုထုတ်လုပ်ကြခြင်းဖြစ်ပြီး လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှသေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် အမှန်တကယ်အကျိုးရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝါစိုက်ပျိုးမှုနှင့် ဝါထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆီထွက်သီးနှံနှင့်ပတ်သက်၍လည်း ပြည်တွင်းဆီစားသုံးမှုဖူလုံမှုရှိစေရေး မိမိတို့အနေဖြင့် ဆီထွက်သီးနှံများကို အောင်မြင်အောင် စိုက်ပျိုးထုတ်လုပ်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဆီထွက်သီးနှံတွင်ပါဝင်သည့် နှမ်းစိုက်ပျိုးရာတွင်လည်း အောင်မြင်စွာစိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းရန်၊ စိုက်ပျိုးရေနှင့် အောင်ရေလုံလောက်စွာရရှိရန် လိုအပ်သဖြင့် နှမ်းစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည်ပဲစိုက်ပျိုး၍ နိုင်ငံတကာသို့တင်ပို့သည့် ထိပ်တန်းနိုင်ငံများတွင် ပါဝင်ကြောင်း၊ ထို့ကြောင့် ပဲစိုက်ပျိုးမှုကိုလည်း နိုင်ငံ၏အဓိကစီးပွားရေးအဖြစ်

*စာမျက်နှာ ၄ သို့*

- ❖ **ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဟူသည့်အတိုင်း ပြည်ပမှ ထောက်ပံ့ငွေများ၊ ချေးငွေများကို မိမိတို့အနေဖြင့် အားကိုးနေ၍ရမည်မဟုတ်ဘဲ ပြည်တွင်း၌ ရှိသမျှသောစွမ်းအားများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်**
- ❖ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရရှိရေးသည် မဖြစ်မနေလိုအပ်ချက်တစ်ခုပင်ဖြစ်**
- ❖ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိပြီးဖြစ်သဖြင့် အဆိုပါဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်လာစေမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

မှတ်ယူ၍ အရည်အသွေးကောင်းမွန်သည့်ပဲများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရော်ဘာနှင့် ပတ်သက်၍လည်း ရော်ဘာထုတ်ကုန်များမှတစ်ဆင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ဈေးကွက်လိုအပ်ချက် ကြီးမားကျယ်ပြန့်စွာရှိသည့်အတွက် အထွက်နှုန်းများ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးရန် အဓိကတာဝန်ရှိပြီး နိုင်ငံ့စီးပွားနှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနိုင်မှသာလျှင် ပြည်သူလူထုက ယုံကြည်အားကိုးသည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံရေးအရ အရေးယူပိတ်ဆို့မှုများ၊ စီးပွားရေးအရပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်းဆုံးသောနည်းလမ်းများဖြင့် ကျော်လွှားဆောင်ရွက်လျက်ရှိနေကြောင်း။**

**ကုန်သွယ်မှု လျင်မြန်လုံခြုံချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်**

ကုန်သွယ်မှုနှင့် ပတ်သက်၍ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများအားလုံးကို ရိုးရိုးသားသား မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ သွင်းကုန်၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီမှုရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြရန်လိုပြီး မရိုးမသားဆောင်ရွက်ခြင်းများကြောင့် မိမိတို့နိုင်ငံ၏ပုံရိပ်ကို ထိခိုက်နစ်နာမှုများ မဖြစ်စေရန်လိုကြောင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးအတွက်လည်း လမ်းကြောင်းများ တစ်လျှောက်၌ မလိုလားအပ်သည့် စစ်ဆေးရေးဂိတ်များ လျှော့ချသွားရန် လိုသကဲ့သို့ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများမရရှိဘဲ ထိခိုက်နစ်နာခြင်း၊ အရည်အသွေးမပြည့်မီသည့်ပစ္စည်းများအား ပြည်သူများအနေဖြင့် ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနေရသဖြင့် ထိခိုက်နစ်နာခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ ကုန်သွယ်မှု လျင်မြန်လုံခြုံချောမွေ့စေရေး၊ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တာဝန် ရှိသူများက အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖြည့်စွက်ပြောကြားရာတွင် ယခုကာလသည် မိုးရာသီဖြစ်သဖြင့် အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဓိကအားဖြင့် မြစ်ကြီးများ အပါအဝင် ချောင်းမြောင်းများ တိမ်ကောလာခြင်းနှင့် မိုးရွာသွန်းမှု များပြားလာခြင်းများကြောင့် ဖြစ်သည်ကို တွေ့ရကြောင်း၊ မြစ်ကြီးများ၊ ချောင်းမြောင်းများ တိမ်ကောလာမှုကို မြစ်ချောင်းများပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ သဲနုန်းများ ဆယ်ယူခြင်းဖြင့် ရေစီးဆင်းမှုများ ကောင်းမွန်လာပြီး ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့သို့ဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားအသုံးပြု၍ သောင်တူးသည့်စက်ကြီးများဖြင့် ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

အချို့ မြို့ပေါ်လူနေရပ်ကွက်များတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ များသောအားဖြင့် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ပိတ်ဆို့မှုများကြောင့် ဖြစ်သည်ကို တွေ့ရကြောင်း၊ မြို့နေလူထုအနေဖြင့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက်လည်း အမှိုက်များကို စည်းကမ်းတကျ စွန့်ပစ်ကြရန်လိုကြောင်း၊ ချောင်းကောမြောင်းကောများကြောင့် မြို့များတွင် ရေကြီးမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နေလူထုတို့မှ မိမိတို့မြို့ရွာ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ဝိုင်းဝန်းတားဆီးကာကွယ်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် ပတ်သက်၍ မိမိတို့သွားရောက်ခဲ့သည့် ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့တွင် မြို့ရွာများ သန့်ရှင်းသာယာလှပလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ **အဓိကအားဖြင့် သက်ဆိုင်ရာ စည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြသည်ကိုတွေ့ရ**ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်၍ မြို့နေလူထုနှင့်ပူးပေါင်းပြီး မြို့ရွာများ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်သွားကြစေလိုကြောင်း။

အခြေခံပညာကျောင်းများအားလုံး စံကိုက်ကျောင်းများဖြစ်စေရေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အခြေခံပညာကျောင်းပေါင်း ငါးသောင်းခန့်ရှိပြီး စံကိုက်သည့်ကျောင်းမှာ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ အခြေခံပညာကျောင်းများကို စံကိုက်ညီမှုသတ်မှတ်ချက်ကို ခွဲခြားဆောင်ရွက်ရာတွင် အခြေခံပညာမူလတန်းကျောင်းအနေဖြင့် သတ်မှတ်ဧရိယာမှာ သုံးဧကမှ ငါးဧက၊ အခြေခံပညာအလယ်တန်းကျောင်းအနေဖြင့် ငါးဧကမှ ခုနစ်ဧက၊ အခြေခံပညာအထက်တန်းကျောင်းအနေဖြင့် ခုနစ်ဧကမှ ၁၀ ဧကရှိရန် သတ်မှတ်ထားကြောင်း၊ စံကိုက်ကျောင်းများအဖြစ် ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ တန်းစီသည့်နေရာများ၊ အားကစားပြုလုပ်ရန် နေရာများနှင့် ကစားကွင်းများ ရှိရန်လိုသကဲ့သို့ အဆောက်အအုံများကိုလည်း စနစ်တကျဆောက်လုပ်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အခြေခံပညာကျောင်းများ၏ မြေပြင်အခြေအနေများကို စနစ်တကျစာရင်းကောက်ယူပြီး သတ်မှတ်ထားသည့် မြေဧရိယာအကျယ်အဝန်းအခြေအနေပေးသည့် ကျောင်းများအား မိမိတို့အစိုးရ တာဝန်ယူချိန်အတွင်း စံကိုက်ကျောင်းများအဖြစ် ဦးစားပေးအဆင့်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ ဆောက်လုပ်ရာတွင်လည်း စနစ်တကျ ဆောက်လုပ်ရန်နှင့် ရေရှည်အတွက် ထည့်သွင်းစဉ်းစားလျာထား၍ စီမံချက်များ စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ လုံခြုံမှုရှိစေရေး၊ စနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာမှုရှိစေရေး၊ စာသင်ကျောင်းများအနီးပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့် ဘက်စုံတိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း** ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အခွန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသူများ၊ ပြည်သူများအနေဖြင့် အခွန်ငွေများကို ထမ်းဆောင်ကြပြီး နိုင်ငံတော်အစိုးရအနေဖြင့် အစိုးပါအခွန်ထမ်းငွေများဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ အခွန်ထမ်းငွေများကို နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သည့် နေရာများတွင် အကျိုးရှိရှိ အသုံးချကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခွန်ငွေများကို ထိထိရောက်ရောက်အသုံးချရာတွင် အခွန်ထမ်းပြည်သူများ၏ မျက်နှာကို ကြည့်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဖက်ဒရယ်ကိုအခြေခံသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ပိုင်ခွင့်များကို ပေးအပ်ထားသကဲ့သို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ ချမှတ်ဆောင်ရွက်သည့် မူဝါဒများကိုလည်း အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများကလည်း စနစ်တကျ ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

- **နိုင်ငံရေးအရ အရေးယူပိတ်ဆို့မှုများ၊ စီးပွားရေးအရ ပိတ်ဆို့မှုများအကြားမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကောင်းဆုံးသောနည်းလမ်းများဖြင့် ကျော်လွှားဆောင်ရွက်လျက်ရှိ**
- **အဓိကအားဖြင့် သက်ဆိုင်ရာ စည်ပင်သာယာအဖွဲ့အစည်းများက ဆောင်ရွက်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြသည်ကိုတွေ့ရ**
- **မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကျောင်းသား၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်၏ ပညာရေးကဏ္ဍမှာ စနစ်တကျဖြင့် ဘက်စုံတိုးတက်ကောင်းမွန်လာမည်ဖြစ်**

PPIB News

* *ရှေ့ဖုံးမှ*

အဆိုပါပြပွဲတွင် ချည်ဆိုးခြင်း၊ အရောင်စမ်းသပ်ခြင်းမှစ၍ ရက်ကန်းခတ်ခြင်းနှင့် အထည်ချုပ်လုပ်ခြင်းအထိ လက်ရာတစ်ခုစီ၏ နောက်ကွယ်မှ ဖန်တီးမှုအဆင့်ဆင့်ကို ပြည်သူများ လေ့လာနိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ပြပွဲအတွင်း လာရောက်ကြည့်ရှုသူများအနေဖြင့် သဘာဝဆိုးဆေးပစ္စည်းများ၊ ကိုယ်တိုင်ဆိုးလုပ်ထားသည့် ချည်လိမ်များနှင့် Eco Print ပိတ်စများ၊ လက်ရက်ကန်း ပိတ်စများအပြင် ယင်းပိတ်စများဖြင့် ချုပ်လုပ်ထားသည့် Ready-to-Wear အထည်များ၊ ရက်ကန်းခတ်သည့် အဆင့်ဆင့်ကို ပွဲအတွင်း လက်တွေ့ ရက်ကန်းခတ် ပြသသွားမည်ဖြစ်သည်။

ယခုပြပွဲ၌ အထည်များကို ရောင်းချရုံတင်မဟုတ်ဘဲ အထည်တစ်ထည်၏ နောက်ကွယ်မှ လက်ရာ၊ အချိန်နှင့် ဖန်တီးသူများ၏ ကြိုးပမ်းမှုများကို မျှဝေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ပြပွဲသို့ လာရောက်သူများ အနေဖြင့် သဘာဝဆိုးဆေး အသုံးပြုပုံနှင့် ရက်ကန်းခတ်နည်း နည်းပညာပိုင်းဆိုင်ရာ စိတ်ဝင်စားမှုများကို ဖန်တီးသူများနှင့် တိုက်ရိုက် မေးမြန်းဆွေးနွေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ချည်ဆိုးခြင်းမှ အထည်ချုပ် လုပ်ခြင်းအထိ ကိုယ်တိုင် ဆောင်ရွက်ထားခြင်းကြောင့် ကြားခံအဆင့်မရှိဘဲ အရည်အသွေးကောင်းမွန်သည့် အထည်များကို ဈေးနှုန်းသင့်တင့်စွာ ရောင်းချပေးမည်ဖြစ်ပြီး လက်ကားဝယ်ယူသူများအတွက်လည်း အရည်အသွေးအလိုက် လျှော့ဈေးများ စီစဉ်ထားကြောင်း သိရသည်။ **TWA**

## တောင်ကြီးမြို့၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး



**တောင်ကြီး ဩဂုတ် ၂၅**

တောင်ကြီးမြို့၌ ကုန်သွယ်လုပ်ငန်းခွင်နှင့် ပတ်သက်သော ပြေစာများ အပေါ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆွေသက်က ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် စားသောက်ဆိုင်လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၅**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်နှင့်ဇနီးတို့သည် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက် လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် ပိတောက်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

**အပင် ၂၄၀၀ စိုက်ပျိုး**

ယနေ့ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် ပိတောက်ပင် စုစုပေါင်း အပင် ၂၄၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

**စုစုပေါင်း ၁၄၈၂၆ ပင် စိုက်ပျိုး**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီး၌လည်း စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်း သီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာ နေပြည်တော်တိုင်း စစ်ဌာနချုပ်၌ ၁၁၅၉၁ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၅၀၃၀၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၌ အပင် ၃၄၆၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၁၂၉၁၀၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၉၅၇၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၁၁၆၁ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၄၉၁၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၆၉၃၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၉၉၀၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၌ အပင် ၃၉၀၀၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ အပင် ၅၁၀၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၆၁၉၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၆၆၉၆ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၇၃၈၀ တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်း သစ်ပင် ၁၄၈၂၆ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေး**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေးစဉ်။



၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေးစဉ်။

# ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၅**

အနာဂတ်မျိုးဆက်သစ်လူငယ်များ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ကြည့်ရှု၍ တွဲဖက်လေ့လာနိုင်ရန်၊ နိုင်ငံတော်၏သမိုင်းကြောင်းနှင့် တပ်မတော်သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်များနှင့် တပ်မတော်၏ အမျိုးသားရေး တာဝန်ထမ်းဆောင်ခဲ့မှု သမိုင်းကြောင်းများကို သိရှိနားလည်စေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇေယျာသီရိ မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ပြည်စံအောင်)နှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)အတွင်းရှိ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်း ရုပ်ရှင် ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက် အတွင်းရှိ ရှေးမြန်မာမင်းများ အသုံးပြုသည့်ပစ္စည်းများ၊ ရှေးမြန်မာမင်းများ၏ စစ်အင်္ဂါလေးပါးဖြင့် စစ်ထွက်တော်မူပုံပြသထားရှိမှုများ၊ ရှေးခေတ်မြန်မာ့ တပ်မတော်သုံးပစ္စည်းများနှင့် သမိုင်းကြောင်းများ ကိုလည်းကောင်း၊ တပ်မတော်(ရေ)ပြခန်းတွင် မြန်မာ နိုင်ငံအတွင်းရှိ ပင်လယ်ပြင်ဧရိယာအကျယ်အဝန်း နှင့် ရေပိုင်နက်နယ်နိမိတ်ပြကွက်၊ ရှေးခေတ်မြန်မာ့ ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်နှင့် ဒုတိယ ကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ၊ ခေတ်အဆက်ဆက်တပ်မတော်(ရေ)၏ သမိုင်း မှတ်တမ်းဓာတ်ပုံများ၊ စစ်ရေယာဉ်ပုံစံငယ်များကို လည်းကောင်း၊ တပ်မတော် (လေ) ပြခန်းတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော်(လေ)၏ ဆောင်ရွက်ချက် မှတ်တမ်း ဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါး နှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်း များ၊ လေသူရဲကောင်းများ မွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများအပြင် ပြင်ပပြကွက်များအနေ ဖြင့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ခင်းကျင်း ပြသထားသော ရှေးခေတ်ကြေးသွန်း အမြောက်များ၊ ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြု ခဲ့သော အမြောက်နှင့်သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေ ယာဉ်ပုံစံတူများနှင့် တပ်မတော် (လေ)ပြင်ပပြကွက် တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည် များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက် များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများနှင့် အသုံး အဆောင်ပစ္စည်းများ ဆုအဖြစ် ချီးမြှင့်ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❑ *ရှေ့ဖုံးမှ*

အဆိုပါ Famtrip ခရီးစဉ်ကို ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး UMTA အသင်း ဝင်ကုမ္ပဏီ ၅၈ ခုမှ ခရီးသွားလုပ်ငန်းရှင် ၆၁ ဦး ပါဝင်ခဲ့ကြသည်။ ခရီးစဉ်အတွင်း B2B Mini Work-shop ကိုလည်း ကျင်းပခဲ့ပြီး UMTA၊ မြန်မာခရီးသွား အေဂျင်စီများ၊ Visit Indochina နှင့် ဗီယက်နမ် နိုင်ငံဘက်မှ သက်ဆိုင်ရာ Tourism Authorities နှင့် ခရီးသွားလုပ်ငန်းမိတ်ဖက်များ ပါဝင်ဆွေးနွေးသည်။

အဆိုပါ B2B Mini Workshop တွင် ခရီးသွား ဈေးကွက်အခြေအနေများ၊ မြန်မာခရီးသွားဧည့်သည် များ၏ လိုအပ်ချက်များနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ရှင်များအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက် နိုင်မည့် အခွင့်အလမ်းများကို အပြန်အလှန် ဆွေးနွေး ဖလှယ်ခဲ့ကြသည်။

ထို့အပြင် ရှေ့ဆက်၍ Famtrip ခရီးစဉ်များ၊ B2B တွေ့ဆုံဆွေးနွေးမှုများနှင့် လုပ်ငန်းကွန်ရက် ချိတ်ဆက်မှုများကို ဆက်လက်မြှင့်တင်ကာ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအကြား စီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ ပိုမိုဖန်တီးသွားရန် UMTA နှင့် Visit Indochina တို့က ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နှစ်နိုင်ငံအကြား ခရီး သွားဧည့်သည်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ ပိုမိုတိုးမြင့်လာစေရန် အထောက် အကူပြုမည်ဖြစ်ကြောင်း UMTA မှ သိရသည်။ **MT**

# ခေတ်အဆက်ဆက် ပြောင်းလဲလာသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်များ

ကိုချင်း

- MSME များသည် အလုပ်အကိုင်ဖန်တီးပေးနိုင်ပါသည်။ ဒေသတွင်း ဝင်ငွေတိုးတက်စေနိုင်ပါသည်။ အကြီးစား စက်မှုလုပ်ငန်းများနှင့် ထောက်ပံ့ကွင်းဆက်(Supply Chain) ချိတ်ဆက်နိုင်ပါသည်။ ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ပါသည်
- အင်တာနက်နှင့် ဒီဂျစ်တယ်နည်းပညာများ ကျယ်ပြန့်လာခြင်းကလည်း လုပ်ငန်းစတင်ရန် ကုန်ကျစရိတ်များကို လျှော့ချပေးခဲ့ပြီး လုပ်ငန်းငယ်များကိုပင် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စေခဲ့ပါသည်
- စီးပွားရေးပျိုးထောင်မှုစနစ်(Business Incubators)၊ စီးပွားရေးအရှိန်မြှင့်ပေးမှုစနစ် (Accelerators)နှင့် စွန့်စားရဲသော ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ (Venture Capital) စနစ်များ ပေါ်ပေါက်လာခြင်းက စွန့်ဦးတီထွင်လုပ်ငန်းသစ်များ ရှင်သန်ကြီးထွားနိုင်ရေးအတွက် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးလာခဲ့ပါသည်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်သည်ဟုဆိုရာတွင် နိုင်ငံ၏ ဝင်ငွေ သို့မဟုတ် စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP) တိုးတက်လာခြင်း တစ်ခုတည်းကိုသာ ဆိုလိုခြင်းမဟုတ်ပေ။ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်း၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်း၊ လူ့အရင်းအနှီးနှင့် နည်းပညာတိုးတက်လာခြင်း၊ ဒေသအလိုက် ဖွံ့ဖြိုးမှုကွာဟချက်များ လျော့နည်းလာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရင်း ရေရှည်တည်တံ့သော စီးပွားရေးစနစ်တစ်ရပ် တည်ဆောက်နိုင်ခြင်းတို့ အားလုံးပါဝင်ပါသည်။

ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ "ချမ်းသာလာခြင်း" ထက် ပိုမိုကျယ်ပြန့်သည့် အဓိပ္ပာယ်ရှိပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀ ခန့်အတွင်း ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွေးအခေါ်များကို ပြန်လည်လေ့လာကြည့်လျှင် ခေတ်တစ်ခေတ်နှင့်တစ်ခေတ် မေးခွန်းများ မတူညီခဲ့ကြပါ။ အစောပိုင်းတွင် **"နိုင်ငံတစ်နိုင်ငံ မည်သို့ချမ်းသာကြွယ်ဝလာမည်နည်း"** ဟု မေးခဲ့ကြပါသည်။ ထို့နောက် **"စက်မှုလုပ်ငန်းကို မည်သို့တိုးတက်အောင် လုပ်မည်နည်း"**၊ **"ဆင်းရဲမွဲတေမှုမှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် မည်သို့ကူးပြောင်းမည်နည်း"**၊ **"ဒေသတစ်ခုချင်းစီ၏ အားသာချက်ကို မည်သို့အသုံးချမည်နည်း"** ၊ **"စီးပွားရေးကို မည်သူက မောင်းနှင်မည်နည်း"** ဟူသော မေးခွန်းများသို့ တဖြည်းဖြည်း ဆင့်ကဲပြောင်းလဲလာခဲ့ပါသည်။

ယနေ့ခေတ်သို့ ရောက်လာချိန်တွင်မူ **"အသိပညာနှင့် နည်းပညာကို စီးပွားရေးတန်ဖိုးအဖြစ် မည်သို့ပြောင်းလဲမည်နည်း"** နှင့် **"စီးပွားရေးတိုးတက်မှု၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုတို့ကို မည်သို့ဟန်ချက်ညီအောင် ပေါင်းစပ်မည်နည်း"** ဆိုသည့် မေးခွန်းများအထိ ကျယ်ပြန့်လာပြီဖြစ်ပါသည်။

ဤပြောင်းလဲမှုခရီးစဉ်ကို အကြမ်းဖျင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ် **"မျိုးဆက်ခုနစ်ဆက်"** အဖြစ် ခွဲခြားလေ့လာနိုင်ပါသည်။

**ပထမမျိုးဆက်-လွတ်လပ်သောဈေးကွက်မှ ချမ်းသာမှု တည်ဆောက်ခြင်း**

**ပထမမျိုးဆက်-လွတ်လပ်သောဈေးကွက်မှ စနဥစ္စာဖန်တီးခြင်းဆီသို့**

၁၇၇၆ ခုနှစ်သည် ခေတ်သစ်စီးပွားရေးပညာသမိုင်းတွင် အရေးပါသည့် နှစ်တစ်နှစ်ဖြစ်ပါသည်။ ထိုနှစ်တွင် Adam Smith ၏ **"The Wealth of Nations"** ထွက်ပေါ်လာခဲ့ပြီး ဂန္ထဝင်စီးပွားရေးပညာ၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်လာခဲ့ပါသည်။

ထိုခေတ်၏ အဓိကမေးခွန်းမှာ ရိုးရှင်းပါသည်။ **"နိုင်ငံတစ်နိုင်ငံ မည်သို့ချမ်းသာကြွယ်ဝလာမည်နည်း။"** အဖြေက လွတ်လပ်သော ဈေးကွက်၊ အထူးပြုထုတ်လုပ်မှု၊ လုပ်အားခွဲဝေမှုနှင့် ကုန်သွယ်မှုတို့ ဖြစ်ပါသည်။

Adam Smith ၏ **"မမြင်နိုင်သောလက် (Invisible Hand)"** သဘောတရားအရ သင့်လျော်သော ဈေးကွက်အခြေအနေများအောက်တွင် လူတစ်ဦးချင်းစီက မိမိအကျိုးစီးပွားကို ရှာဖွေခြင်းဖြင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စီးပွားရေးအကျိုးစီးပွားနှင့်လည်း ဆက်စပ်နိုင်သည်ဟု ရှုမြင်ခဲ့ပါသည်။

တစ်ဖက်တွင် **"လုပ်အားခွဲဝေမှု (Division of Labour)"** က ထုတ်လုပ်မှုစွမ်းအား မြင့်မားစေရန်အရေးကြီးကြောင်း ထင်ရှားလာခဲ့ပါသည်။ လူတစ်ဦးတည်းက ထုတ်လုပ်မှုလုပ်ငန်းစဉ်အားလုံးကို ဆောင်ရွက်မည့်အစား အလုပ်များကို အထူးပြုခွဲခြားဆောင်ရွက်စေခြင်းဖြင့် ထုတ်လုပ်မှုကိုအမြောက်အမြား တိုးမြှင့်နိုင်ခဲ့ပါသည်။

David Ricardo ၏ နှိုင်းယှဉ်အားသာချက် (Comparative Advantage) သဘောတရားကလည်း နိုင်ငံတိုင်းသည် အရာအားလုံးကို ကိုယ်တိုင်ထုတ်လုပ်ရန်မလိုအပ်ဘဲ မိမိတို့ နှိုင်းယှဉ်အားသာချက်ရှိသော ကုန်ပစ္စည်းများကို အထူးပြုထုတ်လုပ်ကာ အပြန်အလှန် ကုန်သွယ်နိုင်ကြောင်း ရှင်းလင်းပြသခဲ့ပါသည်။

ယင်းအတွေးအခေါ်များသည် ပထမစက်မှုတော်လှန်ရေးနှင့် ပေါင်းစပ်သွားရာမှ ရေနွေးငွေ့အင်ဂျင်၊ စက်ယန္တရားနှင့် စက်ရုံအခြေပြု ထုတ်လုပ်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ လက်မှုလုပ်ငန်းမှ စက်ရုံအခြေပြု အမြောက်အမြားထုတ်လုပ်မှုစနစ်သို့ ကမ္ဘာ့စီးပွားရေး အသွင် ပြောင်းသွားခဲ့ပါသည်။

ထို့ကြောင့် ပထမမျိုးဆက်၏ အဓိကအနှစ်သာရမှာ **"ဈေးကွက်+ အထူးပြု ထုတ်လုပ်မှု + ကုန်သွယ်မှု = စနဥစ္စာဖန်တီးမှု"** ဟု ဆိုနိုင်ပါသည်။

**ဒုတိယမျိုးဆက်-ဈေးကွက်တစ်ခုတည်း မလုံလောက်တော့သည့်ခေတ်**

၂၀ ရာစုအစောပိုင်းသို့ ရောက်လာသောအခါ အခြေအနေများ ပြောင်းလဲလာခဲ့ပါသည်။ အထူးသဖြင့် ၁၉၃၀ ပြည့်နှစ်ဝန်းကျင် ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီးက ဈေးကွက်ယန္တရားတစ်ခုတည်း အပေါ် အားကိုးခြင်း၏ အားနည်းချက်များကို ထင်ရှားစေခဲ့ပါသည်။

ထိုအချိန်မှစ၍ **"အစိုးရ၏ အခန်းကဏ္ဍသည် မည်မျှအရေးကြီးသနည်း"** ဟူသော မေးခွန်းထွက်ပေါ်လာပါသည်။

John Maynard Keynes က စီးပွားရေးကျဆင်းသည့်အချိန်တွင် အစိုးရသည် ဘဏ္ဍာရေးအသုံးစရိတ်နှင့် အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်၍ စုစုပေါင်းဝယ်လိုအားကို ထောက်ပံ့ပေးနိုင်ကြောင်း အလေးထားခဲ့ပါသည်။

ထိုခေတ်တွင် စက်မှုအသွင်ကူးပြောင်းရေး (Industrialization)၊ Keynesian Economics၊ သွင်းကုန်အစားထိုးထုတ်လုပ်ရေး (Import Substitution) နှင့် အစိုးရဦးဆောင်သော ဖွံ့ဖြိုးတိုးတက်ရေး (State-led Development) တို့ ပေါ်ထွက်လာခဲ့ပါသည်။

လမ်း၊ တံတား၊ ဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားနှင့် အခြေခံ အဆောက်အအုံများကို အစိုးရက ဦးဆောင်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖွံ့ဖြိုးရန် လိုအပ်သောအခြေခံအုတ်မြစ်ကို တည်ဆောက်ပေးနိုင်သည်ဟု ယူဆလာကြပါသည်။

ထို့ကြောင့် ဒုတိယမျိုးဆက်၏ အဓိကပြောင်းလဲမှုမှာ **"ဈေးကွက်က ဦးဆောင်သော စီးပွားရေး" မှ "အစိုးရနှင့် ဈေးကွက် ပေါင်းစပ်ပါဝင်သောစီးပွားရေး" သို့** ရွေ့လျားလာခြင်းဖြစ်ပါသည်။

**တတိယမျိုးဆက်- ဆင်းရဲမှုမှ ဖွံ့ဖြိုးပြီးနိုင်ငံသို့**

ဒုတိယကမ္ဘာစစ်အပြီး ၁၉၅၀ မှ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်အတွင်း ဖွံ့ဖြိုးမှုစီးပွားရေးပညာ (Development Economics)သည် ပိုမို ထင်ရှားလာခဲ့ပါသည်။

အဓိကမေးခွန်းမှာ **"ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံအဖြစ် မည်သို့ အသွင်ကူးပြောင်းမည်နည်း။"**

Sir Arthur Lewis ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပုံစံ အပြောင်းအလဲ (Structural Transformation) နှင့် နှစ်ကဏ္ဍခွန်တွဲ စီးပွားရေးမော်ဒယ် (Dual Economy Model)တို့က စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်မားသည့် စက်မှုကဏ္ဍသို့ လုပ်သားအင်အား ရွှေ့ပြောင်းခြင်းအားဖြင့် နိုင်ငံ၏ စုစုပေါင်းထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်ကြောင်း ဖော်ပြခဲ့ပါသည်။

Walt Rostow ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အဆင့်ဆင့် ဖြတ်သန်းရသည့် ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း ရှုမြင်ခဲ့ပါသည်။

ထိုခေတ်တွင် ပို့ကုန်အခြေပြုစက်မှုထွန်းကားရေး (Export-oriented Industrialization)လည်း အရေးပါလာပါသည်။ ပြည်တွင်းဈေးကွက်အတွက်သာ ထုတ်လုပ်မည့်အစား နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ နည်းပညာ၊ အရည်အသွေးနှင့် ထုတ်လုပ်မှုစွမ်းရည်တို့ တိုးတက်လာနိုင်ပါသည်။

သို့သော် စက်ရုံတည်ဆောက်ခြင်းနှင့် စက်ယန္တရားဝယ်ယူခြင်း တစ်ခုတည်းဖြင့် ဖွံ့ဖြိုးမှုမဖြစ်နိုင်ကြောင်းနှင့် လူသားအရင်းအနှီးသည်လည်း အဓိကကျကြောင်း ပိုမိုသိရှိလာကြပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကျွမ်းကျင်မှုတို့တွင် ရင်းနှီးမြှုပ်နှံခြင်းသည် လူတစ်ဦးချင်း၏ ထုတ်လုပ်နိုင်စွမ်းသာမက နိုင်ငံ၏ ရေရှည်စီးပွားရေးတိုးတက်မှုကိုပါ မြှင့်တင်ပေးပါသည်။

ဂျပန်၊ တောင်ကိုရီးယား ၊ တရုတ် (တိုင်ပေ)နှင့် စင်ကာပူတို့၏ လျင်မြန်သောစက်မှုနှင့် ပို့ကုန်ဖွံ့ဖြိုးမှုများသည် ယင်းဖွံ့ဖြိုးရေး အတွေးအခေါ်များ၏ ထင်ရှားသော အတွေ့အကြုံများ ဖြစ်လာခဲ့ပါသည်။

**စတုတ္ထမျိုးဆက်-ဒေသတိုင်းကို ပုံစံတစ်မျိုးတည်းဖြင့် ဖွံ့ဖြိုး၍မရ**

၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးရေးအတွေးအခေါ်သည် **"နိုင်ငံအဆင့်" မှ "ဒေသအဆင့်"** သို့ ပိုမိုရွေ့လျားလာခဲ့ပါသည်။

ဒေသတိုင်းတွင် သဘာဝအရင်းအမြစ်၊ ရာသီဥတု၊ ယဉ်ကျေးမှု၊ လူ့စွမ်းအား၊ ကျွမ်းကျင်မှုနှင့် စီးပွားရေးအခြေအနေတို့ တူညီခြင်း မရှိပေ။ ထို့ကြောင့် ဒေသအားလုံးကို ပုံစံတစ်မျိုးတည်းဖြင့် ဖွံ့ဖြိုးစေရန် ကြိုးပမ်းခြင်းထက် ဒေသတစ်ခုချင်းစီ၏ ကိုယ်ပိုင်အားသာချက်ကို ဖော်ထုတ်အသုံးချရန် လိုအပ်လာပါသည်။

ယင်းမှ ဒေသတွင်းအခြေပြု ဖွံ့ဖြိုးတိုးတက်မှု (Endogenous Development)၊ ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Local Economic Development)၊ စီးပွားရေးလုပ်ငန်းတူ အစုအဖွဲ့ (Cluster) နှင့် တန်ဖိုးကွင်းဆက် (Value Chain) စသည့် အယူအဆများ ပိုမိုအရေးပါလာပါသည်။

ကုန်ကြမ်းထုတ်လုပ်ခြင်းတစ်ခုတည်းဖြင့် မလုံလောက်တော့ပေ။ ကုန်ကြမ်းမှ ပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကုန်အမှတ်တံဆိပ်တည်ဆောက်ခြင်းနှင့် ဈေးကွက်ဖြန့်ဖြူးခြင်းအထိ ချိတ်ဆက်သည့် တန်ဖိုးကွင်းဆက်တစ်ခုလုံး တည်ဆောက်ရန်လိုအပ်လာပါသည်။

Michael Porter ၏ စီးပွားရေးလုပ်ငန်းတူအစုအဖွဲ့ အယူအဆနှင့် အတူ ဂျပန်နိုင်ငံ Oita စီရင်စုမှစတင်ခဲ့သော ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Village One Product- OVOP) အစီအစဉ်သည်လည်း ဒေသထွက်ကုန်အခြေပြု ဖွံ့ဖြိုးရေးပုံစံတစ်ခုအဖြစ် လူသိများလာခဲ့ပါသည်။ နောက်ပိုင်းတွင် အခြားနိုင်ငံများ၌ OTOP နှင့် OROP စသည့် ပုံစံများအဖြစ် ပျံ့နှံ့လာခဲ့ပါသည်။

ဤမျိုးဆက်၏ သင်ခန်းစာမှာ ရှင်းလင်းပါသည်။ ဒေသတိုင်းကို တူညီသောပုံစံဖြင့် ဖွံ့ဖြိုးစေရန်မဟုတ်ဘဲ ဒေသတစ်ခုချင်းစီ၏ ထူးခြားသောအားသာချက်ကို ဖော်ထုတ်၍ အထူးပြုဖွံ့ဖြိုးစေရန် ဖြစ်ပါသည်။

**ပဉ္စမမျိုးဆက်-MSME နှင့် စွန့်ဦးတီထွင်သူတို့ ရှေ့တန်းရောက်လာခြင်း**

၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်ဝန်းကျင်တွင် နောက်ထပ်မေးခွန်းတစ်ခု ပေါ်လာခဲ့ပါသည်။ **"စီးပွားရေး၏ အဓိကမောင်းနှင်အားကို မည်သူက ဦးဆောင်မည်နည်း။"**

ယခင်က အစိုးရနှင့် အကြီးစားစက်မှုလုပ်ငန်းများကို အဓိကထားခဲ့သော်လည်း ယခုအခါ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)များနှင့် စွန့်ဦးတီထွင်သူများ၏ အခန်းကဏ္ဍ ပိုမိုကြီးမားလာခဲ့ပါသည်။

MSME များသည် အလုပ်အကိုင် ဖန်တီးပေးနိုင်ပါသည်။ ဒေသတွင်း ဝင်ငွေတိုးတက်စေနိုင်ပါသည်။ အကြီးစားစက်မှုလုပ်ငန်းများနှင့် ထောက်ပံ့ကွင်းဆက် (Supply Chain) ချိတ်ဆက်နိုင်ပါသည်။ ပြည်တွင်းထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ပါသည်။

စာမျက်နှာ ၇ သို့

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၅

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ မှ ၁၁/၆ + ၃၀၀ နေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ယနေ့ နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။



မြစ်ကမ်းပါးရေတိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့် နေရာ၏ အနောက်ဘက် ပေ ၂၀၀ ခန့်အကွာတွင် အလျား ပေ ၇၀၀၊ အမြင့် ၁၀ ပေ ယာယီတာပတ်ခြင်း (Ring Bund) လုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ ဆောင်ရွက်ခြင်း၊ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သဲအိတ်ဆင့်ခြင်း၊ တာထောက်ခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မြစ်ကမ်းပါးရေတိုက်စားမှုဖြစ်ပွားသည့် နေရာတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ဩဂုတ် ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် နိုင်လွန်ပိုက်နှင့် ရေရှိန်သတ်နုန်းဖမ်းခြင်းလုပ်ငန်းလေးခုကို ဆောင်ရွက်ခဲ့သော်လည်း ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ မြစ်ကမ်းပါးရေတိုက်စားမှု ဖြစ်စဉ်ဖြစ်ပွားသည့်နေရာအနီးရှိ ချောင်းကြီး၊ ဂန်ချောင်း၊ မာယူနှင့် ထုံးဝ စသည့်ကျေးရွာများကိုလည်း ရေဘေးလွတ်ရာ နေရာများသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး အကြောင်းကြားထားပြီး တာပတ်ခြင်းလုပ်ငန်း ဆောင်ရွက်သည့် နေရာအနီးရှိ လူနေအိမ်များကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ် (၄) ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်စဉ် ဓာတ်အားယာယီပြတ်တောက်မည်

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၄)ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း စည်ပင်ညှော့ရိပ်သာ(၂)၊ ရွှေကြာပင်ရပ်ကွက်၊ ဂုံမင်းအင်း၊ ရှားတောနှင့် တဲကြီးကုန်းကျေးရွာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာ နေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား

## ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၅

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများ အတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့၊ အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံးအင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အင်တာနက်နှင့် ဒီဂျစ်တယ်နည်းပညာများ ကျယ်ပြန့်လာခြင်းကလည်း လုပ်ငန်းစတင်ရန် ကုန်ကျစရိတ်များကို လျှော့ချပေးခဲ့ပြီး လုပ်ငန်းငယ်များကိုပင် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်စေခဲ့ပါသည်။

စီးပွားရေးပျိုးထောင်မှုစနစ် (Business Incubators)၊ စီးပွားရေးအရှိန်မြှင့်ပေးမှုစနစ် (Accelerators)နှင့် စွန့်စားရဲသော ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ (Venture Capital) စနစ်များ ပေါ်ပေါက်လာခြင်းက စွန့်ဦးတီထွင်လုပ်ငန်းသစ်များ ရှင်သန်ကြီးထွားနိုင်ရေးအတွက် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးလာခဲ့ပါသည်။ ထို့ကြောင့် အစိုးရ၏ အခန်းကဏ္ဍသည်လည်း ပြောင်းလဲလာရပါသည်။

အစိုးရကိုယ်တိုင် ထုတ်လုပ်သူဖြစ်နေခြင်းတစ်ခုတည်းထက် ပုဂ္ဂလိကကဏ္ဍ၊ MSME နှင့် စွန့်ဦးတီထွင်သူများ လွတ်လပ်စွာကြီးထွားနိုင်ရန် သင့်လျော်သော မူဝါဒ၊ ငွေကြေး၊ နည်းပညာ၊ အခြေခံအဆောက်အအုံနှင့် ဈေးကွက်ပတ်ဝန်းကျင်တို့ ဖန်တီးပေးသည့် **ဝန်းကျင်ကောင်းဖန်တီးပေးသူ (Enabler) အဖြစ်** အရေးပါလာပါသည်။

**ဆဋ္ဌမမျိုးဆက်-မြေ၊ အရင်းအနှီးနှင့် စက်ပစ္စည်းထက် “အသိပညာ” က ပိုတန်ဖိုးရှိလာခြင်း**

၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေး၏တန်ဖိုး ဖန်တီးမှုပုံစံ အခြေခံကျကျ ပြောင်းလဲလာပါသည်။ ယခင်က စက်ရုံအရွယ်အစား၊ စက်ယန္တရားအရေအတွက်နှင့် ရင်းနှီးမြှုပ်နှံထားသည့် ငွေကြေးပမာဏတို့ကို အဓိကထားခဲ့သော်လည်း အသိပညာ၊ နည်းပညာ၊ သုတေသနနှင့် ဆန်းသစ်တီထွင်နိုင်စွမ်းတို့က ပိုမိုအရေးပါလာခဲ့ပါသည်။

ဆန်းသစ်တီထွင်မှု (Innovation) သည် ကုမ္ပဏီတစ်ခုတည်းက ဖန်တီးနိုင်သည့်အရာမဟုတ်တော့ပေ။ တက္ကသိုလ်များက အသိပညာနှင့် သုတေသနကို ဖန်တီးပေးရပါသည်။ စက်မှုလုပ်ငန်းများက ထိုအသိပညာကို ထုတ်ကုန်နှင့် စီးပွားရေးတန်ဖိုးအဖြစ် ပြောင်းလဲရပါသည်။ အစိုးရက သင့်လျော်သော မူဝါဒ၊ စည်းမျဉ်းနှင့် အထောက်အပံ့ပတ်ဝန်းကျင်ကို ဖန်တီးပေးရပါသည်။

ထို့အပြင် အထူးသီးသန့်ပြုလုပ်မှုများ (Smart Specialisation)၊ ဒေသအလိုက် ဆန်းသစ်တီထွင်မှုစနစ်များ (Regional Innovation System) နှင့် စွန့်ဦးတီထွင်သူများ ဂေဟစနစ် (Entrepreneurship Ecosystem) စသည့် အယူအဆများလည်း ပိုမိုအရေးပါလာပါသည်။

ဉာဏ်ရည်တု (AI)၊ ကြီးမားသော ဒေတာအချက်အလက်များ (Big Data)၊ အင်တာနက် ချိတ်ဆက်ကိရိယာများ (IoT)နှင့် ခိုင်လုံသော မှတ်တမ်းကွင်းဆက်နည်းပညာ (Blockchain) ကဲ့သို့သော ဒီဂျစ်တယ်နည်းပညာများသည် ထုတ်လုပ်မှုမှ စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုနှင့် ဈေးကွက်ရှာဖွေမှုအထိ စီးပွားရေးလုပ်ငန်းပုံစံများကို ပြောင်းလဲစေခဲ့ပါသည်။

ထို့ကြောင့် စီးပွားရေးတိုးတက်မှု၏ အခြေခံသည် **“အရင်းအနှီးပမာဏ မည်မျှရှိသနည်း”**ဟူသော မေးခွန်းမှ **“အသိပညာနှင့် ဆန်းသစ်တီထွင်နိုင်စွမ်း မည်မျှရှိသနည်း”** ဟူသော မေးခွန်းဆီသို့ ရွေ့လျားလာခဲ့ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

စက်ရုံလွှင့်ထုတ် လေညစ်ပုပ် တောတွင်းသစ်ပင် အကုန်စုပ်၊ တို့တွေရှူသွင်း လေသန့်ရှင်း မချွင်းရမှာ တောကသာ။

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

**တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦးရှိသည့်အနက် ၁၁၄ ဦးတက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်း ကြေညာသည်။**

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ကိုးဦး၏ မေးခွန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ပြန်လည်ဖြေကြားကြပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ကွန်ဒို မဟုတ်သော အထပ်မြင့်စုပေါင်းတိုက်ခန်းများဆိုင်ရာ ဥပဒေတစ်ခု ရေးဆွဲနိုင်ရေး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးကာ လွှတ်တော်၏အဆုံးအဖြတ်ရယူသည်။

ထို့အပြင် သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာကော်မတီက ရန်ကုန်တိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းပြီး တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရပ်နားကြောင်းနှင့် နဝမနေ့ကို ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**






# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး( ၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

**မုံရွာ ဩဂုတ် ၂၅**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လွှတ်တော်အဆောက်အအုံရှိ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ကိုးဦးက ကြယ်ပွင့်ပြထားသည့် မေးခွန်းကိုးခုကို မေးမြန်းကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ဖြေကြားကြသည်။

ထို့နောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်ထားယုခိုင် ဝက်လက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)က ကော်မတီ၏ "လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ" အား လွှတ်တော်သို့ တင်သွင်းခဲ့ပြီး အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော် ကိုယ်စားလှယ်များက သဘောတူသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ နှစ်ရှည်သီးနှံစိုက်ခင်းများတွင် ရောနှောစိုက်ပျိုးနိုင်သည့် ရိုဘက်စတာကော်ဖီပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိ

**ပဲခူး ဩဂုတ် ၂၅**

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးတက်ရရှိစေရေး နှစ်ရှည်သီးနှံစိုက်ခင်းများတွင် ရောနှောစိုက်ပျိုးနိုင်သည့် ရိုဘက်စတာ ကော်ဖီပျိုးပင် (၅၀၀၀၀) ပျိုးထောင်ထားရှိကြောင်း သိရသည်။

ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ အဆိုပါ ရိုဘက်စတာကော်ဖီပျိုးပင်များကို သွားရောက်ကြည့်ရှုပြီး မိုးရာသီအတွင်း ပျိုးပင်အားလုံး ဖြန့်ဝေပေးရန်မှာကြားကာ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရွက်ဖျန်း မြေသြဇာထုတ်လုပ်နိုင်ရေး စွန့်ပစ်စပါးခွံဖြင့် Biochar ပြုလုပ် အသိပညာပေးခြင်းအား ကြည့်ရှုအားပေးသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးအတွင်း တန်ဖိုးမြင့်ဒေသမျိုးရင်းစပါးမျိုးများ ပြန်လည်ဖော်ထုတ်၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၊ ကြူတောကန်ကျေးရွာအုပ်စု၊ နတ်ပုတီးကျေးရွာ၌ တန်ဖိုးမြင့် ဒေသမျိုးရင်းစပါးဖြစ်သည့် တောင်ပျံမွှေး မျိုးစေ့ထုတ်စိုက်ခင်း ဧက ၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် စုပေါင်းမြေသြဇာကြဲပက်နေမှုကိုကွင်းဆင်းကြည့်ရှုအားပေးသည်။

အလားတူ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် တောင်သူလယ်သမား သင်တန်းကျောင်း၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးစိုက်ရာသီပြီးပါက ကြားသီးနှံအဖြစ် ဆီထွက်သီးနှံပဲပုပ်စိုက်ပျိုးရန်၊ စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေအား အကျိုးရှိရှိစနစ်တကျသုံးစွဲရန်၊ မိမိတို့ဒေသရှိ ရေမြေသဘာဝနှင့် ကိုက်ညီသည့် တန်ဖိုးမြှင့်သီးနှံများကို ရွေးချယ်စိုက်ပျိုးကြရန်နှင့် သဘာဝဂေဟစနစ်ကို ထိခိုက်ပျက်စီးမှု မရှိစေရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက ဆီထွက်သီးနှံ ပဲပုပ်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အသိပညာပေးပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဒေသခံ တောင်သူများအတွက် ဆီထွက်သီးနှံ ရေဆင်း(၁၅) ပဲပုပ်မျိုးစေ့များပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မှု ရှိ၊ မရှိ စိစစ်ကြပ်မတ်ဆောင်ရွက်ရန် မှာကြား



**ဘားအံ ဩဂုတ် ၂၅**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီ၏ (၅/၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂) ၌ ကျင်းပသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု၊ ရန်ပုံငွေရယူရန် အဆိုပြုထားမှု၊ ရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဆောင်ရွက်ထားရှိမှု၊ ရန်ပုံငွေဖြင့် ငါးကဏ္ဍဆောင်ရွက်မှု၊ သမဝါယမအသင်းများ၏ချေးငွေထုတ်ချေးမှု၊ ချေးငွေရယူ ဆောင်ရွက်သောအသင်းများ၏ အခြေအနေ၊ အသေးစားစက်မှု လုပ်ငန်းများမှ မတည်ထောက်ပံ့ငွေ ရယူလိုမှု၊ သက်ဆိုင်ရာခရိုင်များအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု၊ ကောက်ခံရရှိမှုနှင့် ကောက်ခံရန် ကျန်ရှိမှု အခြေအနေ၊ ဘဏ်ငွေလက်ကျန်၊ ချေးငွေရယူလိုမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မှု ရှိ၊ မရှိနှင့် ချေးငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးကို သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ဆောင်ရွက်ရန်မှာကြားပြီး တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**စစ်တောင်းမြစ် ရေကြီးမှုအခြေအနေ**

နေပြည်တော် ဩဂုတ် ၂၅ - ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂ ပေ ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**




# မြောက်ဥက္ကလာပမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့ပြင် စာရေးဆရာမ ပုညခင်က "စာဖတ်ခြင်း၏ အကျိုးကျေးဇူး"ခေါင်းစဉ်ဖြင့် စာပေဟောပြောကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာရေးဆရာမ ပုညခင်အား ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်၍ ကျောင်းသား ကျောင်းသူများက "ထိန်းသိမ်းစို့လေ စာပေအမွေ" သီချင်းနှင့် "အောင်မြင်ပါစေ မြန်မာပြည်" သီချင်းတို့ဖြင့် ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားအတွင်း ပြခန်းများနှင့် ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲယှဉ်ပြိုင်မှုအတွက် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၅**

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး၌ ကျင်းပခဲ့ပြီး ဆုရရှိသည့် ခရိုင်အသင်းများကို ဆုများပေးအပ်ချီးမြှင့်၍ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့်စွက်စာ၊ အဏုအာဟာရဆေးပြားများနှင့် အသက် ၆ လမှ အသက် ၅ နှစ်အထိ ကလေးများအား ဗီတာမင်အေဆေးများ တိုက်ကျွေးကာ အမှတ်တရလက်ဆောင်များ၊ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

ဦးစွာ တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲဝင်များ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့်အာဟာရချက်ပြုတ်ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ၊ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်း များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

သတင်းစဉ်



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ထားဝယ်မြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**ထားဝယ် ဩဂုတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ က ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးကောင်းညွန့်က လူငယ်များအားလုံး သဘာဝကို ချစ်မြတ်နိုးကြရန်၊ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ကြရန်၊ လူကုန်ကူးမှုအန္တရာယ်ကို သိရှိသတိထားကြရန်၊ မိမိနှင့်မိမိပတ်ဝန်းကျင်တွင်ရှိသောလူငယ်များကို အချင်းချင်း ကာကွယ်စောင့်ရှောက်ကြရန်၊ မှန်ကန်သောအသိပညာနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးပြုကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောသည်။

အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စံပယ်သွင်က အားကစားပစ္စည်းများပေးအပ်ပြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က သန့်ရှင်းရေးသုံးပစ္စည်းများပေးအပ်ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



# ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် Save the Children International (SCI) မှ အာရှဒေသဆိုင်ရာRegional Director Mr. Arshad Mehmood Malik ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် Save the Children International (SCI) မှ အာရှဒေသဆိုင်ရာ Regional Director Mr. Arshad Mehmood Malik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Save the Children International (SCI) နှင့် ဝန်ကြီးဌာနတို့အကြား ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Early Childhood Care and Development – ECCD) ဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ Save the Children International (SCI) အနေဖြင့် အဆိုပါ ECCD လုပ်ငန်းများ၌ နည်းပညာအကူအညီထောက်ပံ့ပေးအပ်နိုင်ရေးအခြေအနေ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Save the Children International (SCI) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ Save the Children International (SCI)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mrs. Wang Le နှင့် ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်း စေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရေအားလျှပ်စစ်

ကိုဘုန်း

**လျှပ်စစ်စွမ်းအင်သည် ခေတ်သစ်လူ့ဘောင်လောက၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အခြေခံအကျဆုံးသော မောင်းနှင်အားတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုဘဝမြင့်မားမှုနှင့် စက်မှုကဏ္ဍများ ရှင်သန်မှုသည် လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရရှိမှုအပေါ်တွင် များစွာမူတည်နေသည်။**

❖ **နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံတစ်ခုဖြစ်ပါသည်။ ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် အဓိကမောင်းနှင်အားဖြစ်သောကြောင့် လျှပ်စစ်ဓာတ်အားဖူလုံရေးသည် အစိုးရ၏ ဦးစားပေးမူဝါဒတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ်တိုးတက်များပြားလျက်ရှိရာ လက်ရှိလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စွမ်းအင်ဖူလုံစေရန် ကြိုတင်စီမံဆောင်ရွက်ရန် အထူးလိုအပ်**

နိုင်ငံတိုင်းက မိမိတို့ပိုင်ဆိုင်ထားသော သဘာဝအရင်းအမြစ်များကို အခြေခံ၍ လျှပ်စစ်ဓာတ်အား ဖူလုံစွာထုတ်လုပ်နိုင်ရေးအတွက် အစဉ်အမြဲ ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ နှစ်စဉ်တိုးပွားလာသော လူဦးရေနှင့် မြင့်တက်လာသော လူမှုစီးပွားအခြေအနေများကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်က အဆမတန်ကြီးထွားလျက်ရှိရာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အကောင်အထည်ပေါ်စေရန် ဓာတ်အားလုံလောက်ရုံမျှမက ပိုလျှံအောင်ထုတ်လုပ်နိုင်ရေးသည် မရှောင်လွှဲနိုင်သော တာဝန်တစ်ရပ်ဖြစ်လာပါသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်မှ အများဆုံးရယူသုံးစွဲလျက်ရှိသော်လည်း ထုတ်လုပ်နိုင်မှုနှင့် သုံးစွဲမှုမျှတမှုမရှိခြင်းကြောင့် ဓာတ်အားလိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ ဤအခြေအနေသည် နိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအားထုတ်ရန် လိုအပ်ကြောင်း ထင်ရှားစွာညွှန်ပြနေသည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်မှ ထပ်မံထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များစွာ ကျန်ရှိနေသေးသည်။ ရေအရင်းအမြစ် ရှားပါးသော အခြားနိုင်ငံများက နိုင်ငံဖွံ့ဖြိုးရေးအတွက် ရေကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေအသုံးပြုနေကြရချိန်တွင် မြန်မာနိုင်ငံက သဘာဝအရပေါ်များကြွယ်ဝစွာရရှိထားသော ရေအရင်းအမြစ်များကို ထိရောက်စွာ အသုံးမချနိုင်သေးသည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေး၌ လိုအပ်ချက်များ ရှိနေခြင်းဖြစ်သည်။ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သော လျှပ်စစ်နှင့် စွမ်းအင်ကို ဖြည့်ဆည်းနိုင်မှသာလျှင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**လျှပ်စစ်ဓာတ်အား ဖူလုံရေး၏ အခြေခံအကျိုးကျေးဇူးများ**

လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ခေတ်မီတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသည်။ ဆည်မြောင်းစနစ်များ၊ စက်မှုလယ်ယာသုံးစက်ကိရိယာများနှင့် အအေးခန်းသိုလှောင်ရုံများ ဆောင်ရွက်နိုင်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေသည်။ ထို့ပြင် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်သော စက်မှုလုပ်ငန်းများ ထူထောင်ရန်အတွက်လည်း လျှပ်စစ်ဓာတ်အားသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားဖူလုံမှုသည် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်။

**ရေအားလျှပ်စစ်၏ အရေးပါမှုနှင့် အကျိုးကျေးဇူးများ**

ရေအားလျှပ်စစ်စီမံကိန်းများသည် ကနဦးတည်ဆောက်ချိန်တွင် ကုန်ကျစရိတ် အတန်အသင့်ရှိသော်လည်း ကာလရှည်ကြာတည်ဆောက်ရသည့် သဘောရှိသည်။ ယခုအချိန် စတင်တည်ဆောက်ပါက ငါးနှစ်မှ ၁၀ နှစ်ခန့်ကြာမြင့်နိုင်ပြီး ယင်းစီမံကိန်းများသည် အနာဂတ်နိုင်ငံတော်နှင့် မျိုးဆက်သစ်များအတွက် လိုအပ်သောစွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်မည့် ရေရှည်ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ အဓိကအားသာချက်မှာ လည်ပတ်မှုစရိတ်နှင့် လောင်စာဖိုးကုန်ကျမှုမရှိခြင်းပင်ဖြစ်သည်။ ဤအချက်ကြောင့် ရေအားလျှပ်စစ်သည် လေအား၊ နေအား၊ ဓာတ်ငွေ့အားနှင့် ကျောက်မီးသွေးအား စီမံကိန်းများထက် ရေရှည်တွင် ကုန်ကျစရိတ် သိသိသာသာ သက်သာသည်။ ထို့ကြောင့်ပင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားက မိမိတို့နိုင်ငံအတွင်း ကြွယ်ဝသည့် ရေအရင်းအမြစ်များကိုအခြေခံ၍ ရေအားလျှပ်စစ်စီမံကိန်းများကို ရနိုင်သမျှ ဆက်လက်တည်ဆောက်နေကြခြင်းဖြစ်သည်။

ထို့ပြင် ရေအားလျှပ်စစ်စီမံကိန်းများသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအပြင် ဆည်တမံကြီးများမှတစ်ဆင့် မြစ်ရေကြီးမှု အန္တရာယ်ဘေးမှ ကာကွယ်နိုင်ခြင်း၊ စိုက်ပျိုးရေရရှိရေးအတွက် အထောက်အကူပြုခြင်း စသည့် ဘက်စုံအကျိုးကျေးဇူးများကိုပါ ပေးအပ်နိုင်သည်။ ရေအားလျှပ်စစ်စီမံကိန်းများ ဖော်ဆောင်ရေးကာလမှာ ငါးနှစ်မှ ၁၀ နှစ်ခန့်အထိ ကြာမြင့်နိုင်သည့်အတွက် အနာဂတ်လိုအပ်ချက်များကို ကြိုတင်မျှော်မှန်းကာ ယခုကတည်းက စတင်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

**ဧရာဝတီမြစ်ဆုံ - မြစ်ညာမြစ်ဝှမ်း**
**ရေအားလျှပ်စစ်စီမံကိန်း၏ အရေးပါမှု**

မြန်မာနိုင်ငံတွင် ကြွယ်ဝစွာရှိသော်လည်း အကောင်အထည်မဖော်ရသေးသည့် အခြေခံအရင်းအမြစ်များအနက် ဧရာဝတီမြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ် စီမံကိန်းက နိုင်ငံ၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အလားအလာရှိသည်။

ဤစီမံကိန်း အကောင်အထည်ဖော်နိုင်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အကျိုးကျေးဇူးများစွာ ရရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နေရာဒေသအလိုက် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ရာ အလှမ်းဝေးကွာသောဒေသများအထိ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ဆောင်ရွက်ရာတွင် ရရှိနိုင်သော စွမ်းအင်အရင်းအမြစ်များကို ထိရောက်စွာ အသုံးချခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု တိုးတက်ရေး အစီအစဉ်များကို ကြိုတင်စီမံဆောင်ရွက်လျက်ရှိပါသည်။ မြစ်ဆုံစီမံကိန်းမှထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက်သာ ဦးစားပေးရမည်ဖြစ်သည်။ ပြည်နယ်အတွင်း လိုအပ်သည့်လျှပ်စစ်ဓာတ်အားကို သုံးစွဲပြီးနောက် ပိုလျှံသည့်ဓာတ်အားကို ပြည်မနှင့် အခြားပြည်နယ်များရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် မျှဝေသုံးစွဲသွားရမည်ဖြစ်သည်။

ဤသည်မှာ တစ်နိုင်ငံလုံး၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေးအတွက် အရေးပါသောချဉ်းကပ်မှုတစ်ရပ်လည်း ဖြစ်ပါသည်။ ထို့ပြင် ဆည်တမံတည်ဆောက်နိုင်ခြင်းကြောင့် နှစ်စဉ်ကြုံတွေ့ရလေ့ရှိသော မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကာကွယ်နိုင်မည့်အပြင် စိုက်ပျိုးရေရရှိရေးအတွက်ပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

ဧရာဝတီမြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အလားအလာရှိသော စီမံကိန်းကြီးတစ်ခုဖြစ်ပြီး စီမံကိန်းအပြီးသတ်ဆောင်ရွက်နိုင်ပါက -

၁။ နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်။

၂။ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်။

၃။ ဒေသခံများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကဲ့သို့သော စီမံကိန်းကြီးများကို ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများတွင် အောင်မြင်စွာတည်ဆောက်လည်ပတ်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။ တရုတ်၊ ဂျပန်၊ အမေရိကန်၊ ရုရှား၊ အီဂျစ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် အလွန်ကြီးမားသော ရေအားလျှပ်စစ်တမံကြီးများရှိပြီး ယင်းတို့သည် ထိုနိုင်ငံနှင့် ဒေသများအတွက် အန္တရာယ်မရှိသည့်အပြင် အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများ စိုးရိမ်ပူပန်မှုမရှိစေရန် ဘူမိဗေဒနှင့် ငလျင်ဆိုင်ရာပညာရှင်များက အသေးစိတ်လေ့လာသုံးသပ်ပြီး ရစ်ချ်တာစကေး ၈ မဂ္ဂနီကျူအထိခံနိုင်ရည်ရှိသည့် ဒီဇိုင်းများဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ ဤသို့ဖြင့် ဧရာဝတီမြစ်ဝှမ်းဒေသတွင် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကျော်လွှားနိုင်ပြီး ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ သိသိသာသာ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အထောက်အကူပြုမည့် ဧရာဝတီမြစ်ဆုံ-မြစ်ညာ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤကဲ့သို့ ကြီးမားသော အမျိုးသားရေးလုပ်ငန်းကြီး အောင်မြင်စေရေးသည် ဒေသခံ မိဘပြည်သူများ၏ ထောက်ခံအားပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်တွင် များစွာမူတည်နေပါသည်။ မိမိတို့၏ ကိုယ်ကျိုး၊ မိမိတို့ဒေသအကျိုးနှင့် တစ်နိုင်ငံလုံး၏ အကျိုးစီးပွားအတွက်ရေးရှုလျက် အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရမည်မှာ ခေတ်စိန်ခေါ်မှုများကို ကျော်လွှားပြီး သာယာဝပြောသောအနာဂတ်ကို တည်ဆောက်ရာတွင် အဓိကကျသောအချက်ပင် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံတစ်ခု ဖြစ်ပါသည်။ ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားသည် အဓိကမောင်းနှင်အားဖြစ်သောကြောင့် လျှပ်စစ်ဓာတ်အားဖူလုံရေးသည် အစိုးရ၏ ဦးစားပေးမူဝါဒတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ်တိုးတက်များပြားလျက်ရှိရာ လက်ရှိလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စွမ်းအင်ဖူလုံစေရန် ကြိုတင်စီမံဆောင်ရွက်ရန် အထူးလိုအပ်လှပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကြွယ်ဝသော ရေအားအရင်းအမြစ်ကိုအခြေခံ၍ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ အလှမ်းဝေးကွာသော ဒေသများအထိ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းခြင်းနှင့် ထုတ်လုပ်သည့်ဓာတ်အားကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျှဝေသုံးစွဲခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်။ ဤသို့ကြိုတင်စီမံဆောင်ရွက်မှုများသည် အနာဂတ်နိုင်ငံတော်နှင့် နောင်လာမည့်မျိုးဆက်သစ်များအတွက် စွမ်းအင်ဖူလုံမှုကို သေချာစေမည်ဖြစ်ပြီး နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါသည်။ ။

**❝ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများ စိုးရိမ်ပူပန်မှုမရှိစေရန် ဘူမိဗေဒနှင့် ငလျင်ဆိုင်ရာပညာရှင်များက အသေးစိတ်လေ့လာသုံးသပ်ပြီး ရစ်ချ်တာစကေး ၈ မဂ္ဂနီကျူအထိ ခံနိုင်ရည်ရှိသည့် ဒီဇိုင်းများဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ ဤသို့ဖြင့် ဧရာဝတီမြစ်ဝှမ်းဒေသတွင် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကျော်လွှားနိုင်ပြီး ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ သိသိသာသာ မြင့်မားတိုးတက်လာမည် ❞**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ငါးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၂၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦးနှင့် မလေးရှားနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ငါးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Third Secretary Mrs. Nur Shakila Binti Lawrence နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Section Officer Mr. Jesse Elhanan Warbah နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၃၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေ ပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၅ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိသားစုဝင်ငွေတိုးစီမံကိန်းမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ

**ကလေး ဩဂုတ် ၂၅**

ကလေးခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော အသေးစားအငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့်လုပ်ငန်းမှ လူသုံးကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ယနေ့နံနက်က ကလေးမြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြားပြီး



ခရိုင်အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးမှူးက ဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များ၊ စီမံကိန်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်ချီးမြှင့်ခြင်း၊ တာဝန်ရှိသူများက သင်တန်းသားများထံသို့ သင်တန်းထွက်ကုန်ချောများကို ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၁၅ ဦးအား ဆပ်ပြာအမျိုးမျိုး ပြုလုပ်နည်းကို ဩဂုတ် ၁၂ ရက်မှ ၂၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ခြူးခြူး(ကလေး)**




## တာမွေမြို့နယ် (က+ဂ)ရောင်းဝယ်ရေး သမဝါယမအသင်းစည်းဝေး

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် (က+ဂ)ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဩဂုတ် ၂၃ ရက်က အသင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီရိမွန်က သမဝါယမဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ၊ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားပြီး အသင်းသားများ၏ အတည်ပြုချက်ဖြင့် အမှုဆောင်သစ် ငါးဦး ရွေးချယ်တင်မြှောက်ကာ အသင်းသားများအား အကျိုးခံစားခွင့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **၂၂၁**

## မိုင်းဆတ်မြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြိုအသိပညာပေး

**မိုင်းဆတ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်က မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း - ခွဲ (အလက-၁) ခန်းမဆောင်၌ ကျင်းပသည်။



ဦးစွာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(၃)မှ ဒုတိယရဲမှူး လှဘုန်းက လူကုန်ကူးမှု အန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပြီး ပန်းဒိုင်ယာရီ၊ တိတ်ဆိတ်ခြင်း၏ နောက်ကွယ်နှင့် လူကုန်ကူးခံရသူများ၏ အတွေ့အကြုံ ရှင်းလင်းမှု ဗီဒီယိုကလစ်ကို ပြသသည်။

ထို့နောက် ဟောပြောပွဲ တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုနှင့် လူမှောင်ခို အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၅**

နေပြည်တော် သီရိငါးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ကြည်က အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန သီရိငါးမြို့နယ် အခွန်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစိုးအောင်က အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းလုပ်ငန်းရှင် စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



## (၂၅-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၅၂၅,၈၀၈.၅၀ | ၄၆,၈၈၈,၀၀၈.၈၃ | ၈၉,၄၉၅,၁၄၇.၆၄ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍ၊ CMP ကဏ္ဍနှင့် လောင်စာဆီကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

## မုဒုံမြို့၌ ရှေ့တန်းပြန် တပ်မတော်သားများအား ကြိုဆိုဂုဏ်ပြု

မုဒုံ ဩဂုတ် ၂၅

မွန်ပြည်နယ် မုဒုံမြို့နယ် ကွေ့ဝမ်းကျေးရွာ နယ်မြေခံတပ်မှ ရှေ့တန်းပြန် တပ်မတော်သားများအား ကြိုဆိုဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတပ်ရင်း၌ ကျင်းပသည်။



အခမ်းအနားတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုး၊ မုဒုံတပ်နယ်မှ အရာရှိ၊ အရာခံ တပ်သားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၈၀၀ ခန့်က စစ်ဆင်ရေးတာဝန် ထမ်းဆောင်ပြီးဆုံး၍ ပြန်လည်ဝင်ရောက်လာသော ရှေ့တန်းပြန်တပ်မတော်သားများအား သပြေပန်း၊ ပန်းစည်း ပန်းကုံးများ၊ အိုးစည်၊ ဒိုးပတ်အကများ၊ ဘင်ခရာအဖွဲ့များဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

## ချောက်မြို့၌ အလုပ်ခွင်ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ(ငွေလုံးငွေရင်း)အကျိုးခံစားခွင့် ပေးအပ်

ချောက် ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးရုံး၏၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်တွင်




ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ(ငွေလုံးငွေရင်း) အကျိုးခံစားခွင့် ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချောက်/ လမ်းရွာရေနံမြေလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ချောက်/လမ်းရွာရေနံမြေ လက်ထောက်အထွေထွေမန်နေဂျာ၊ (ထွေ/စီ) က အမှာစကားပြောကြားပြီး မြို့နယ်လူမှုဖူလုံရေးရုံး မြို့နယ်တာဝန်ခံအရာရှိ ဒေါ်တင်လဲ့လဲ့ဝေက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လူမှုဖူလုံရေးရုံး မြို့နယ်တာဝန်ခံအရာရှိက မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ချောက်/လမ်းရွာရေနံမြေမှ အာမခံအလုပ်သမား ဦးအောင်ကြည်မိုး၏ အလုပ်ခွင်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၈၆၄၀၀၀၀ နှင့် နာရေးစရိတ်ငွေကျပ် ၇၂၀၀၀၀ စုစုပေါင်းငွေကျပ် ၉၃၆၀၀၀၀ အား ဇနီးဖြစ်သူ ဒေါ်သန္တာစိုးထံ ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## တံတားဦးမြို့နယ် အမှတ်(၂၃)စက်မှုလယ်ယာစခန်းမှ နည်းပညာသစ်တောင်သူပညာပေး ကွင်းသရုပ်ပြ

တံတားဦး ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အမှတ်(၂၃) စက်မှုလယ်ယာစခန်းမှ နည်းပညာသစ် (Subsoiler) တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက တံတားဦးမြို့နယ် စကားအင်းကျေးရွာ တောင်သူ ဦးဝင်းဇော်၏ ယာမြေ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်သိန်းတင်က ကွင်းသရုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ စကားအင်း၊ ပန်းယျ၊ ဇီးချောင်းနှင့် ငါးဇင်ရိုင်းကျေးရွာတို့မှ တောင်သူများအား နည်းပညာသစ်ကို မြို့နယ်အမှတ်(၂၃) စက်မှုလယ်ယာစခန်းမှ ထွန်စက်ဖြင့် ကွင်းသရုပ်ပြဆောင်ရွက်ခဲ့ကြသည်။



နည်းပညာသစ်သည် ကျစ်လျစ်သိပ်သည်းမှုဖြစ်ပေါ်နေသော မြေလွှာများကို ထိုးခွဲနိုင်ခြင်းကြောင့် မြေဆီလွှာအတွင်းသို့ ရေများကောင်းစွာ စိမ့်ဝင်နိုင်ခြင်း၊ ဒုံပေါက်မှုပြဿနာကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ မြေဆီလွှာအတွင်း အမြစ်များအလွယ်တကူ ထိုးဖောက်ဝင်ရောက်ကြီးထွားနိုင်ခြင်း၊ မြေအစိုဓာတ်အား အပေါ်ယံမြေဆီလွှာမှ အလွယ်တကူ စုပ်ယူရရှိနိုင်ခြင်း၊ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင် လုံလောက်စွာရရှိနိုင်ခြင်းတို့ကြောင့် အပင်များ ရှင်သန်ကြီးထွားမှုကို ပိုမိုကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

## နီလာရောင်းဝယ်ရေး သမဝါယမအသင်း၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် နီလာရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်နေ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာမွန်က အသင်းများအနေဖြင့် သမဝါယမအသင်း ဥပဒေအရ အမှုဆောင်ရွေးချယ်



တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို အသင်းစာရင်းစစ် ဒေါ်သူဇာသိန်းက ဖတ်ကြားတင်ပြခဲ့ပြီး အသင်းသားများ၏ အတည်ပြုချက်များရယူကာ အမှုဆောင်ရွေးချယ်ခဲ့ပြီး အသင်းသားများအား အစုပေါ်အမြတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)



## ဘိုကလေး၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းပို့ချ

ဘိုကလေး ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ဥပဒေအသိပညာ ပြန့်ပွားရေးဆင့်ပွားသင်တန်း(၁/၂၀၂၆) ကို ယမန်နေ့က ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စုတွင် ဖွင့်လှစ်ပို့ချရာ မြို့နယ်ဥပဒေရုံးက ဖွင့်လှစ်ပို့ချသည့် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း တက်ရောက်ခဲ့သည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး ဥပဒေ၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေများအား ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ခံများ၊ ကျေးရွာနေပြည်သူများအား ပို့ချခဲ့ပြီး လိုအပ်သည်များအား မြို့နယ်ဥပဒေအရာရှိ ဒေါ်ရတနာမျိုးက ဖြည့်စွက်ပို့ချခဲ့ကြောင်း၊ ဘိုကလေးမြို့နယ် ဥပဒေရုံးအနေဖြင့် အလားတူ ဥပဒေပညာ ဆင့်ပွားသင်တန်းများကို ဩဂုတ် ၁၈ ရက်တွင် အမှတ်(၁) ရပ်ကွက်၊ ဩဂုတ် ၁၉ ရက်တွင် ပဝိန်နှင့် သဇင်ငူကျေးရွာအုပ်စု နှင့် ဩဂုတ် ၂၂ ရက်တွင် ဟောမန်ကျေးရွာအုပ်စုတို့၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)



## ထွန်းသ/မ နှင့် Yangon City Farm တို့ ပူးပေါင်း၍ GAP နည်းပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ညောင်နှစ်ပင်ဥယျာဉ်ခြံ ထွန်းသ/မနှင့် Yangon City Farm Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်သည့် GAP နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ညောင်နှစ်ပင်ဥယျာဉ်ခြံရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်ကျော်က အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC) မှ ဒေါက်တာ ဝဏ္ဏထွန်းက GAP နည်းပညာနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ အင်းစိန်ခရိုင် မြေအသုံးချရေး တာဝန်ခံ ဒေါ်လှလှဌေး၊ အင်းစိန်ခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်လှလှမြတ်၊ အင်းစိန်ခရိုင် သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ယဉ်ယဉ်အောင်တို့က မြေ၊ မျိုး၊ ပိုးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ကောင်းမြတ်သူ(မှော်ဘီ)

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေး

ဘီးလင်း ဩဂုတ် ၂၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အထက(ရွှေလေ့)ကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူ ကျောင်းသား ကျောင်းသူ ၉၂ ဦးအား ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မောင်သွင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမင်းစမ်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

▼ *ကျော့ဖုံးမှ*

အိမ်ရှင် ဗီယက်နမ်သည် ပထမအကျော့ အဝေးကွင်း၌ ထိုင်းအသင်းကို ၂-၀ ဂိုးဖြင့် အနိုင်ရရှိထားပြီး ချန်ပီယံဆုကိုင်မြှောက်နိုင်ရန် အခြေအနေကောင်းတစ်ရပ်ကို ပိုင်ဆိုင်ထားသည်။

အိမ်ကွင်းပရိသတ်၏ အားပေးမှုနှင့်အတူ ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိစံချိန်ကို ထိန်းသိမ်းထားသည့် ဗီယက်နမ်အသင်းသည် သရေရလဒ် သို့မဟုတ် တစ်ဂိုးပြတ် ရှုံးနိမ့်ရုံဖြင့်ပင် ချန်ပီယံဖြစ်လာမည်ဖြစ်၍ စိတ်ဓာတ်ပိုင်းနှင့် ရလဒ်ပိုင်းပါ အသာစီးရယူထားနိုင်သည်။

အခြားတစ်ဖက်တွင် ထိုင်းအသင်းသည် ချန်ပီယံဆု မျှော်လင့်ချက်ရှင်သန်ရန် အနည်းဆုံး နှစ်ဂိုးပြတ်အနိုင်ရရှိမှသာ အချိန်ပိုသို့မဟုတ် ပင်နယ်တီအဆုံးအဖြတ်သို့ ရောက်ရှိမည်ဖြစ်၍ ပွဲစတင်ချိန်ကပင် တိုက်စစ်ဖွင့်ကစားလာနိုင်သည်။ သို့သော် တိုက်စစ်ဖွင့်ကစားလာသည်နှင့်အမျှ ခံစစ်နေရာ လစ်ဟင်းသွားနိုင်သလို ဗီယက်နမ် တိုက်စစ်မှူးများဖြစ်သည့် ငုယင်ကွမ်ဟိုင်၊ ငုယင်ဟိုင်လောင်းတို့၏ လျင်မြန်လှသည့် တန်ပြန်တိုက်စစ်များကို သတိပြုရမည်ဖြစ်သည်။

ဒုတိယ အကျော့ပွဲစဉ်သည် အစောပိုင်း မိနစ်များတွင် ထိုင်းအသင်း၏ တိုက်စစ်ဆင်မှုကို ဗီယက်နမ်ခံစစ်ဘက်မှ မည်သို့ထိန်းချုပ်မလဲဆိုသည့် အချက်အပေါ်မူတည်ပြီး ရလဒ်အလှည့်အပြောင်း ဖြစ်ပေါ်လာနိုင်သည့် အကြိတ်အနယ် ပွဲစဉ်တစ်ပွဲဖြစ်လာမည်ဖြစ်သည်။

ဒုတိယအကျော့ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ဗီယက်နမ်နည်းပြ ကင်ဆန်ဆစ်ခ် က ပထမအကျော့ အနိုင်ရလဒ်ကို မေ့ထားကာ အကောင်းဆုံး ဆက်လက်ယှဉ်ပြိုင်ကြရန် ကစားသမားများကို တိုက်တွန်းခဲ့ပြီး သမိုင်းဝင်ချန်ပီယံဆုကို အောင်မြင်စွာ ကာကွယ်နိုင်ခဲ့ပါက ပရိသတ်များနှင့်အတူ အောင်ပွဲခံအကဖြင့် ပျော်ရွှင်စွာ ဆင်နွှဲသွားမည်ဟု ပြောကြားထားသည်။

ထိုင်းနည်းပြ အန်သိုနီ ဟတ်ဆန်က ပထမအကျော့၌ ရှုံးနိမ့်ထားသော်လည်း ဗိုလ်လုပွဲမှာ မပြီးသေးဘဲ ဖိအားမှာ အိမ်ရှင် ဗီယက်နမ်အသင်းဘက်၌သာ ရှိနေကြောင်း၊ ၎င်းအနေဖြင့် အသင်း၏ ကစားပုံကို အပြည့်အဝယုံကြည်ထားပြီး ကစားသမားများအနေဖြင့် ကြောက်ရွံ့မှုမရှိဘဲ ရဲရဲဝံ့ဝံ့ ယှဉ်ပြိုင်ကြရန် တိုက်တွန်းခဲ့ကာ ပြိုင်ပွဲကိုအနိုင်ယူကာ ချန်ပီယံဆုကို ရယူသွားမည်ဟု ပြောကြားခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-AUF**



ဗီယက်နမ်နှင့်ထိုင်း ဗိုလ်လုပွဲ ပထမအကျော့ ယှဉ်ပြိုင်စဉ်။

❂ *ကျော့ဖုံးမှ*

၅၄ ကီလိုဂရမ်တန်းတွင် ဇော်ဒူလ (တော်ဝင်ရော)က သန့်စင်ကျော် (ANB)ကိုလည်းကောင်း၊ ထက်နိုင်အောင်(ပြည်ထဲရေး)က ဟန်ထူးဇင် (ကျားမနိုင်) ကိုလည်း အနိုင်ရရှိခဲ့သည်။

၅၇ ကီလိုဂရမ်တန်းတွင် ဟန်ထွဋ်မင်း (Nothern Star) က စည်သူအောင် (MAF) ကိုလည်းကောင်း၊ ကျော်စွာမင်း (ကျိုက္ကလှဲ့/ရွှေကျင်) က ချစ်ထူး (ကျားမနိုင်) ကိုလည်းကောင်း၊ ရှိုင်းမင်းထွန်း(တော်ဝင်ရော) က ဇေလင်းခန့် (သန်လျင်) ကိုလည်းကောင်း၊ ကျော်မင်းလွင် (ZEAL) က သန့်စင်အောင် (DOJO-9) ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

၆၀ ကီလိုဂရမ်တန်းတွင် ရဲထက်ပိုင် (MBC) က ထက်အောင်စည်လင်း (သမန်းကျား) ကိုလည်းကောင်း၊ ဇော်လင်းထွေး (MAF)က ဥက္ကာဇော် (DOJO-9) ကိုလည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုဂရမ်တန်း၌ သီဟ (ပြည်ထဲရေး)က ရန်ရှင်း (MAF)ကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။

၆၇ ကီလိုဂရမ်တန်းတွင် ဇော်မျိုးလင်းထွန်း (FocusPower) က ခန့်သူအောင် (ကျိုက္ကလှဲ့/ရွှေကျင်) ကိုလည်းကောင်း၊ နေမျိုးထွန်း (PAING CLUB)က နော်အောင်လတ် (DOJO-9) ကိုလည်းကောင်း၊ ဝေယံ (MAF) က ဖြိုးသီဟကျော် (ပြည်ထဲရေး) ကိုလည်းကောင်း၊ ၇၁ ကီလိုဂရမ်တန်းတွင် ချစ်လင်းဇော် (PAING CLUB)က ကျော်မြင့်မြတ် (ကျိုက္ကလှဲ့/ရွှေကျင်)ကိုလည်းကောင်း၊ ၈၀ ကီလိုဂရမ်တန်းတွင် ကောင်းထက်ဇော် (DOJO-9)က စောဒဲနစ် (MBC) ကိုလည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

**နေမျိုး၊ ဓာတ်ပုံ-YGB**

❒ *ကျော့ဖုံးမှ*

အမျိုးသား (၂)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး (၂) ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂၆ ရက်တွင် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) အကြိုဗိုလ်လုပွဲ၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစား ဝါသနာရှင်များ မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

⁜ *ကျော့ဖုံးမှ*

ယနေ့ပွဲစဉ်တွင် ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် လိဂ်ဖလားချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းတို့ တွေ့ဆုံခဲ့ကြပြီး ပွဲချိန်တစ်လျှောက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ ဒုတိယပိုင်း ပွဲချိန် ၈၂ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းမှ လွင်မိုးအောင် ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို အက်ဒ်ဆန် ဂျူနီယာက သွင်းယူပေးခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးနှင့်အတူ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ယနေ့ပွဲစဉ်မှရရှိသည့် ကွင်းဝင်ကြေးများအားလုံးကို ရေဘေးသင့်ပြည်သူများထံ လှူဒါန်းသွားမည်ဖြစ်ပြီး ပွဲမစတင်မီတွင် ဖြိုးကြီး၊ ဖြိုးပြည့်စုံ၊ မေခလာ၊ ဂျူဝယ် စသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများနှင့်အတူ ကံစမ်းမဲအစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပခဲ့သည်။

ထို့ပြင် မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများဖြစ်ကြသည့် ဦးစိုးမြတ်မင်းနှင့် ဦးမျိုးမင်းထွန်းတို့က MFF Charity Shield ဖလားကို ကွင်းအတွင်းသို့ သယ်ဆောင်ပေးခဲ့သည်။

မြန်မာလိဂ် ထိပ်သီးနှစ်သင်းဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်တို့သည် ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားကာ နိုင်ငံခြားသား ကစားသမားများကိုလည်း ခေါ်ယူထားပြီး လက်ရွေးစင်ကစားသမား အများစုပါဝင်သဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ပြိုင်ပွဲသမိုင်းတစ်လျှောက် ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်တွင် ရှမ်းယူနိုက်တက်အသင်းက သုံးကြိမ် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက တစ်ကြိမ် အနိုင်ရရှိထားသည်။

**နေမျိုး၊ ဓာတ်ပုံ-YUFC**

❖ *ကျော့ဖုံးမှ*

ပထမတန်းတွဲ DEMU F(C)-1006 တွဲ၏ ခုံအမှတ် ၄၃၊ ၄၄၊ ၄၅ နှင့် ၄၆ အကြား ပြတင်းတံခါးမှန်အား ထိမှန်၍ မှန်ကြေမွကွဲအက်မှု ဖြစ်ပွားပြီး ခရီးသည်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်ပွားရာနေရာအနီး မကျီးပင်ဘူတာသို့ ရထားအား နောက်ပြန်ဆုတ်၍ ရထားလိုက်လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ပြီး ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေနှင့်အညီ အရေးယူနိုင်ရေးသက်ဆိုင်ရာ နယ်မြေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါ ဖြစ်စဉ်ကြောင့်ရထားကြန့်ကြာမှု မိနစ် (၂၀) ဖြစ်ပေါ်ခဲ့ပြီး အခြားရထားများကြန့်ကြာမှု မရှိဘဲ ပုံမှန်အတိုင်း ပြေးဆွဲခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ)အရ ရထားကို တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄) အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ ၂၀ နှစ်အထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်းသိရှိရပြီး ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေ ကောင်းမွန်စွာ ခရီးသွားလာရေးနိုင်ရေးအတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**



ညောင်လွန့်နှင့် မကျီးပင်ဘူတာအကြား အမှတ်(၆)အစုန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် ပထမတန်းတွဲ၏ ပြတင်းတံခါးမှန် ကြေမွကွဲအက်မှုဖြစ်ပွားခဲ့စဉ်။



ရထားဆက်လက်ထွက်ခွာနိုင်ရန် တိပ်ဖြင့်ယာယီပြုပြင်ခဲ့စဉ်။

❍ *ကျော့ဖုံးမှ*

ဆောင်ရွက်ရေးအဖွဲ့ဖြစ်သည့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မျိုးထူး၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသော်ရာဟိန်း၊ စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက တရားမဝင်တင်သွင်းလာသည့် စားသုံးရန် မသင့်သော စားသောက်ကုန်များ၊ ဆေးဝါးများ၊ လူသုံးကုန်များ၊ စက်မှုကုန်ကြမ်းများနှင့် မွေးမြူရေးလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ၊ စုစုပေါင်း အမှုတွဲ ကိုးမှု၏ ခန့်မှန်းတန်ဖိုး စုစုပေါင်းငွေကျပ် ၃၆၅၆၈၃၀၀၀ ကို မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်သွန်စွန့်ပစ်ခြင်း၊ လမ်းကြိတ်စက်ဖြင့် ကြိတ်ချေဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

✻ *ကျော့ဖုံးမှ*

အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဖူလ်ဟမ်အသင်းသည် ချယ်ဆီးအသင်းကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိပေ။

ဖူလ်ဟမ်အသင်းအတွက် သွင်းဂိုးများကို ဂျိုရှာကင်းနှင့် ဂါစီယာတို့က သွင်းယူပေးပြီး ချယ်ဆီးအသင်းအတွက် သွင်းဂိုးများကို ပက်ဒရို၊ ရော်ဂျာစ်နှင့် ပဲလ်မာတို့က သွင်းယူပေးခဲ့သည်။ ပေါင် ၁၁၇ သန်းဖြင့် စတန်းဖို့ဒ် ဘရစ်သို့ ရောက်ရှိလာသော ရော်ဂျာစ်သည် ချယ်ဆီးအသင်းအတွက် ပွဲဦးထွက်ပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

**အောင်ဇော်**

# စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆီသို့ ဆက်လက်လျှောက်လှမ်းမည်ဟု တူရကီယဲသမ္မတ ပြော



အင်ကာရာ ဩဂုတ် ၂၇

တူရကီယဲသမ္မတ ရီဆက် တာယစ် အာဒိုဂန်က ဒေသတွင်းငြိမ်းချမ်းရေးကို ထိခိုက်စေသည့် ဖြစ်ရပ်များ မကြာသေးမီက ဖြစ်ပေါ်နေသော်လည်း တူရကီယဲနိုင်ငံသည် စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆီသို့ ဦးတည်သည့်လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

တူရကီယဲနိုင်ငံကို ၎င်း၏လမ်းကြောင်းမှ လွဲချော်စေရန် သို့မဟုတ် တူရကီယဲပြည်သူများ၏ အမျိုးသားစည်းလုံး ညီညွတ်မှုကို ဟန့်တားရန် မည်သည့်ကြိုးပမ်းမှုမျှ အောင်မြင်မည်မဟုတ်ကြောင်း သမ္မတက ပြောကြားခဲ့ပြီး လူသားအားလုံး၏ ကောင်းကျိုးနှင့် လူသားဆန်မှု၊ ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ခြင်း၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အပြင် တူရကီယဲနိုင်ငံနှင့် ၎င်း၏ပြည်သူများသည် အဆုံးစွန်သော အောင်မြင်သူများဖြစ်လာမည်ဖြစ်ကြောင်းလည်း သမ္မတအာဒိုဂန်က ပြောကြားခဲ့သည်။

အာဒိုဂန်သည် တူရကီယဲနိုင်ငံအရှေ့ပိုင်း ဘစ်လစ်ပြည်နယ်၌ ကျင်းပသည့် အခမ်းအနားများသို့ တက်ရောက်စဉ် ယင်းကဲ့သို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ**

## ဗီယက်နမ်၌ တိုင်ဖွန်းမုန်တိုင်း နာရာကြောင့် လူပေါင်းထောင်နှင့်ချီ ဘေးလွတ်ရာရွှေ့ပြောင်း

ဟနွိုင်း ဩဂုတ် ၂၇

တိုင်ဖွန်းမုန်တိုင်း နာရာ (Narra) ကြောင့် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားပြီး လူတစ်ဦး သေဆုံးကာ လူပေါင်းထောင်နှင့်ချီကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။




အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် ဗီယက်နမ်ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းမရှိသော်လည်း ဒေသအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကိုဖြစ်ပေါ်စေခဲ့ပြီး တောင်ကုန်းထူထပ်သော လန်ဆွန်းနှင့် ဘက်ခန်းပြည်နယ်တို့မှာ ထိခိုက်မှုအများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

အချို့ဒေသများတွင် ဩဂုတ် ၂၄ ရက် ညနေပိုင်းအထိ ၂၄ နာရီအတွင်း မိုးရေချိန် ၃၀၀ မီလီမီတာကျော်အထိ ရွာသွန်းခဲ့သဖြင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။ ထို့အပြင် အချို့လမ်းများ ပိတ်ဆို့ခဲ့ပြီး ဒေသခံများနှင့် အဆက်အသွယ်ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

တိုင်ဖွန်းမုန်တိုင်း နာရာကြောင့် မိသားစုအများအပြား လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ စပါးနှင့် အခြားသီးနှံစိုက်ခင်း ဟက်တာထောင်နှင့်ချီ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံက ဂြိုဟ်တုခုနစ်စင်းကို အာကာသသို့ အောင်မြင်စွာ လွှတ်တင်

ပေကျင်း ဩဂုတ် ၂၇

တရုတ်နိုင်ငံသည် Long March-6C သယ်ဆောင်ရေးဒုံးပျံဖြင့် ဂြိုဟ်တုခုနစ်စင်းကို ဩဂုတ် ၂၅ ရက်တွင် အာကာသသို့အောင်မြင်စွာ လွှတ်တင်ခဲ့သည်။

ဒုံးပျံကို တရုတ်နိုင်ငံ မြောက်ပိုင်း ရှန်ရှီးပြည်နယ်ရှိ တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၀ မိနစ်တွင် လွှတ်တင်ခဲ့ပြီး ဂြိုဟ်တုခုနစ်စင်းကို သတ်မှတ်ထားသည့် ပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ယခုလွှတ်တင်မှုသည် Long March သယ်ဆောင်ရေးဒုံးပျံ အစီအစဉ်၏ ၆၆၅ ကြိမ်မြောက် လွှတ်တင်ရေးမစ်ရှင်ဖြစ်ကြောင်း ဂြိုဟ်တုလွှတ်တင်ရေးစင်တာက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

## အိန္ဒိယ၌ လေးနှစ်ကြာ ပိတ်ပင်ထားသည့် ဂျုံနှင့် ဂျုံထွက်ပစ္စည်း တင်ပို့မှု ရုပ်သိမ်း

နယူးဒေလီ ဩဂုတ် ၂၇

အိန္ဒိယနိုင်ငံသည် တောင်သူလယ်သမားများ၏ ဝင်ငွေကို မြှင့်တင်ပေးနိုင်ရန် လေးနှစ်ကြာပိတ်ပင်ထားသည့် ဂျုံနှင့် ဂျုံထွက်ပစ္စည်း တင်ပို့မှုကို ရုပ်သိမ်းလိုက်ကြောင်း နိုင်ငံခြားကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန (DGFT) က တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်။

### ၂၀၂၂ ခုနှစ် မေလတွင် စတင်ပိတ်ပင်ခဲ့

အဆိုပါပိတ်ပင်မှုကို ၂၀၂၂ ခုနှစ် မေလတွင် စတင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဂျုံတင်ပို့မှုဆိုင်ရာမူဝါဒကို တားမြစ်ထားခြင်းအဆင့်မှ လွတ်လပ်စွာကုန်သွယ်နိုင်သည့်အဆင့်သို့ ပြောင်းလဲပြင်ဆင်လိုက်ကြောင်း DGFT ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### ၂ ဒသမ ၃ ရာခိုင်နှုန်းခန့် မြင့်တက်

တရားဝင်အချက်အလက်များအရ အိန္ဒိယနိုင်ငံ၏ ၂၀၂၃-၂၀၂၄ စိုက်ပျိုးရေးနှစ်အတွင်း ဂျုံတန်ချိန် ၁၂၀ ဒသမ ၆၅ သန်းနီးပါး ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်စိုက်ပျိုးရေးနှစ်ထက် ၂ ဒသမ ၃ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း သိရသည်။

### တောင်သူများ ဝင်ငွေပိုမိုတိုးလာမည်

ပိတ်ပင်ကန့်သတ်ချက် ရုပ်သိမ်းမှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ၏ အစားအစာနှင့် ပြည်သူဖြန့်ဖြူးရေး အတွင်းဝန် ဆန်ဂျီးဗ်ချိုပရာက လက်ရှိ ပြည်တွင်းဂျုံဈေးနှုန်းများမှာ ကျဆင်းနေကြောင်း၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများ တင်ပို့ခွင့်ပြုလိုက်ခြင်းကြောင့် ပြည်တွင်းဈေးနှုန်းများမြင့်တက်လာပြီး တောင်သူလယ်သမားများ၏ ဝင်ငွေပိုမိုမြင့်မားလာမည်ဖြစ်သည့်အပြင် လာမည့်စိုက်ပျိုးရာသီတွင် ဂျုံကို ပိုမိုစိုက်ပျိုးလာစေရန် တွန်းအားပေးရာရောက်မည်ဟုလည်း ပြောကြားသည်။ **ဆင်ဟွာ**



## သီရိလင်္ကာ၌ အဓိကရေသိုလှောင်ကန် ၇၄ ခု၏ ရေသိုလှောင်နိုင်မှု ၃၆ ရာခိုင်နှုန်းအထိ လျော့ကျ

ကိုလံဘို ဩဂုတ် ၂၇

သီရိလင်္ကာနိုင်ငံ၏ အဓိကရေသိုလှောင်ကန် ၇၄ ခု၏ ရေသိုလှောင်နိုင်မှုသည် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုနှင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ၃၆ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း ဆည်မြောင်းဌာန၊ ဇလဗေဒနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဆူရီယာဘန်ဒရာက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

အပူချိန်မြင့်မားမှုကြောင့် ရေငွေ့ပျံနှုန်း ပိုမိုမြန်ဆန်လာသည့်အပြင် ရေလိုအပ်ချက်လည်း မြင့်မားလာလျက်ရှိကြောင်း သိရသည်။ အာဏာပိုင်များက သောက်သုံးရေ ဖြန့်ဝေပေးမှုကို ကန့်သတ်ထားခြင်းမရှိသော်လည်း မရှိမဖြစ်လိုအပ်ချက်များအတွက် ရေကို ထိန်းသိမ်းထားနိုင်ရန် အချို့ဒေသများတွင် စိုက်ပျိုးရေးအတွက် ရေထုတ်လွှတ်ပေးမှုကို လျှော့ချထားကြောင်း သိရသည်။

ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာန၏ အဆိုအရ ပူပြင်းခြောက်သွေ့မှုဒဏ်ကို အဆိုပါခုနစ်ခရိုင်အတွင်းရှိ မိသားစု ၂၆၆၂၈ စုမှ လူပေါင်း ၈၁၈၆၅ ဦး ခံစားခဲ့ကြရကြောင်း သိရသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်ကွန်ဂရက်က အသက် ၁၃ နှစ်နှင့်အောက် ကလေးများ လူမှုကွန်ရက်အသုံးပြုမှု ပိတ်ပင်ရန် စဉ်းစားနေ

မနီလာ ဩဂုတ် ၂၇

ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်သည် အသက် ၁၃ နှစ်နှင့်အောက် ကလေးများအား လူမှုကွန်ရက်နှင့် အွန်လိုင်းဂိမ်း ပလက်ဖောင်းများ အသုံးပြုခြင်းကို လုံးဝပိတ်ပင်ရန်နှင့် အသက် ၁၄ နှစ်မှ ၁၇ နှစ်အရွယ် လူငယ်များ၏ အသုံးပြုမှုကို စည်းမျဉ်းများဖြင့် ထိန်းချုပ်ရန် ရည်ရွယ်သည့် ဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲနေကြောင်း ဒေသတွင်း မီဒီယာများက မကြာသေးမီက ဖော်ပြခဲ့သည်။

ဖိလစ်ပိုင် အောက်လွှတ်တော်၏ အခြေခံပညာရေးနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ၊ ကိုယ်စားလှယ် ရိုမန်ရိုမူလိုက အသက် ၁၃ နှစ်နှင့်အောက် ကလေးများအား လူမှုကွန်ရက်နှင့် အွန်လိုင်းဂိမ်းပလက်ဖောင်းများ အသုံးပြုခွင့် ပိတ်ပင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် အသက် ၁၄ နှစ်မှ ၁၇ နှစ်အရွယ် လူငယ်များအတွက် စည်းမျဉ်းများချမှတ်၍ အသုံးပြုမှုကို ထိန်းချုပ်သွားမည်ဖြစ်ပြီး အချို့သော လုပ်ဆောင်ချက်များကိုလည်း ပိတ်ပင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရိုမူလိုက ဖိလစ်ပိုင်နိုင်ငံတွင် လုပ်ငန်းလည်ပတ်လိုသည့် အွန်လိုင်း ပလက်ဖောင်းအားလုံးသည် နိုင်ငံအတွင်း ဒေသဆိုင်ရာ ကိုယ်စားလှယ်ရုံး သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိမှု တစ်ခု ထူထောင်ထားရမည်ဖြစ်ပြီး စည်းမျဉ်းများကို မလိုက်နာပါက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာန (DICT) က ပလက်ဖောင်းကို ပိတ်ပင်နိုင်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် လူငယ်များ အသုံးပြုနိုင်သည့် အွန်လိုင်းဂိမ်းများကို စောင့်ကြည့်ကြပ်မတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်၌ ကလေးများ အွန်လိုင်းအသုံးပြုမှု မိဘများစောင့်ကြည့်နိုင်မည့် အသိပေးစနစ် လူမှုကွန်ရက်ကုမ္ပဏီများ မိတ်ဆက်

တိုကျို ဩဂုတ် ၂၇

ဂျပန်နိုင်ငံရှိ လူမှုကွန်ရက်ကုမ္ပဏီများသည် မိဘများအနေဖြင့် မိမိတို့၏ ကလေးများ အွန်လိုင်းပေါ်တွင် လုပ်ဆောင်နေသည့် လှုပ်ရှားမှုများကို စောင့်ကြည့်နိုင်ရန် ကူညီပေးမည့် လုပ်ဆောင်ချက်များကို စတင်မိတ်ဆက်လျက်ရှိသည်။ လူမှုကွန်ရက်များကို အလွန်အကျွံအသုံးပြုခြင်းသည် အရွယ်မရောက်သေးသူများ၏ ကျန်းမာရေးနှင့် အကျိုးစီးပွားကို ထိခိုက်စေနိုင်သည်ဆိုသည့် စိုးရိမ်မှုများ မြင့်တက်လာနေချိန်တွင် ဂျပန်အစိုးရကလည်း စည်းမျဉ်းအသစ်များချမှတ်ရန် စဉ်းစားနေသောကြောင့် ယခုကဲ့သို့ လုပ်ဆောင်ချက်များ ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမေရိကန်နည်းပညာကုမ္ပဏီ Meta သည် ဂျပန်နိုင်ငံ၌ ဩဂုတ် ၁၃ ရက်မှ စတင်အသုံးပြုနိုင်မည့် ၎င်း၏ Instagram ပလက်ဖောင်းအတွက် မိဘများထံ အသိပေးသည့်စနစ်တစ်ခုကို မိတ်ဆက်ပေးခဲ့ပြီး ယင်းစနစ်တွင် ဆယ်ကျော်သက်အသုံးပြုသူများက မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း သို့မဟုတ် မိမိကိုယ်ကို ထိခိုက်စေခြင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို အချိန်တိုအတွင်း အကြိမ်ကြိမ် ရှာဖွေကြောင်းတွေ့ရှိပါက မိဘများ သို့မဟုတ် အုပ်ထိန်းသူများထံ အီးမေးလ် သို့မဟုတ် အက်ပ်မှတစ်ဆင့် သတိပေး အကြောင်းကြားချက် ပေးပို့မည်ဖြစ်သည်။

ထို့ပြင် ဗီဒီယိုမျှဝေရေး ပလက်ဖောင်း TikTok သည်လည်း အရွယ်မရောက်သေးသူများကို ကာကွယ်ရန် လုပ်ဆောင်ချက်များ ထည့်သွင်းထားပြီး မိဘများက မိမိတို့ကလေးများ၏ ဗီဒီယိုကြည့်ရှုချိန်ကို ကန့်သတ်နိုင်ခြင်းနှင့် မသင့်လျော်သော အကြောင်းအရာများကို ကြည့်ရှုခြင်းမှ ကာကွယ်ထိန်းချုပ်နိုင်ခြင်းတို့ ပါဝင်သည်။ **အင်န်အိတ်ချ်ကေ**

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

*(ယမန်နေ့မှအဆက်)*

### "ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) လွဲလွဲစိမ်းရောင် (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဇေယျာမြို့ (ကြိုး)
(ခ) မှန်ညောင်သဠ္ဌာ (ဝတ်တော်ရုံဘွဲ့)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

### "တယော" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ဒီပါအေးမြ (ပတ်ပျိုး)
(ဂ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဃ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(င) မန်းတောင်လက်ျာ (ယိုးဒယား)
(စ) မန်ချာမြေကို (ပတ်ပျိုး)
(ဆ) ခိုင်ပန်းစုံမှုံမာလာ (ယိုးဒယား)
(ဇ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဂ) မြန်မာသီချင်းဆိုရအောင် (ကာလပေါ်)၊လှမြင့်ဝင်း
(ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(င) မော်ရုံဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) မေတ္တာဂုဏ် (ကာလပေါ်)ပြည်လှဖေ
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ပဠ္ဌသိခ် (ခင်ခင်ညွန့်)
(ခ) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)
(ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) အနန္တငါးဖြာ (ကာလပေါ်)
(ဂ) စိမ်းလွဲ့လွဲ့ (ကြိုး)

### "မယ်ဒလင်" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊(အမျိုးသား၊ အမျိုးသမီး)
(က) ဖော်ကွာဝေး (ယိုးဒယား)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) မြရည်နန္ဒာ (ဘွဲ့)
(ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(င) အမင်းမင်းခရ (ပတ်ပျိုး)
(စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဆ) ဂန္ဓမာတောင် (ဘွဲ့)
(ဇ) တောမြိုင်စွန်းက လွန်းအောင်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊(အမျိုးသား၊ အမျိုးသမီး)
(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) သူဌေးဝါဒ (ကာလပေါ်)
(ဂ) ဟေမဝန်ချာ (ဘွဲ့)
(ဃ) လူမနော (ပတ်ပျိုး)
(င) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) သီလာမြေယံ (ကာလပေါ်)ပြည်လှဖေ
(ခ) အန္တရာယ်ကင်း (ဂီတာဦးစိမ်းမောင်)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) မှန်ညောင်သဠ္ဌာ (ခင်ခင်ညွန့်)
(ခ) စံပယ် (ကာလပေါ်)
(ဂ) နန်းဘုံသီဟာဗွေ (ယိုးဒယား)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) သာယာ (ကြိုး)
(ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
(ဂ) မေတ္တာဖြန်းမှလန်းဆန်းမယ် (ကာလပေါ်)

### "ဂီတာ" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) ပုံပမာ (ကြိုး)
(ဃ) မြူဝန်းလို့ခို (ပတ်ပျိုး)
(င) ဂန္ဓမာတောင် (ဘွဲ့)
(စ) ပပငယ်ဝင်းဝင်း (ပတ်ပျိုး)
(ဆ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
(ဇ) ကြံကြံဖန်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် ၊ (အမျိုးသား၊ အမျိုးသမီး)
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) နွေဦးတေးသံ (ကာလပေါ်)
(ဂ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ဃ) သည်ဆောင်းဟေမာန် (ဘွဲ့)
(င) ကျွန်းကျွန်းပိုင်သ (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) ချစ်မိုးဆွေ (ကာလပေါ်)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ခ) သပြေရွက်ရည် (ကာလပေါ်)၊ မောင်မောင်ညွန့်
(ဂ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) သာယာ (ကြိုး)
(ခ) နန်းဘုံသီဟာဗွေ (ယိုးဒယား)
(ဂ) ချစ်နှင်းမှုန်မှုန် (ကာလပေါ်)

### "ဒုံမင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) မြန်ချာမြေကို (ပတ်ပျိုး)
(ခ) မာရဝိဇယ (ဘွဲ့)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဃ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
(င) သောင်းသောင်းညံ (ယိုးဒယား)
(စ) ဖြေလျော့ခွေ (ပတ်ပျိုး)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) မြူဝန်းလို့ခို (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) လေပြေဆော်သွေးမြူး (ယိုးဒယား)
(ခ) နံ့သာနီတောင် (ပတ်ပျိုး)
(ဂ) ကောင်းခြင်းမင်္ဂလာ (ကာလပေါ်)
(ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(င) တဖုသသငယ် (ရွှေတိဂုံသမိုင်းဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) နှလုံးသားကိုအလှဆင်ပါမယ် (ကာလပေါ်)
(ခ) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ဂ) ဘုန်းမိုးရှာစွေသွန်းဖြန်း (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) မြန်သပြေဘွေတကျွန်းခြားမြေ (ယိုးဒယား)
(ခ) ထန်းရွက်ပုတီး (ကာလပေါ်) Key -F
(ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) စိမ်းလွဲ့လွဲ့ညိုပြာ (ကြိုး)
(ခ) မေတ္တာရွှေရည် (ကာလပေါ်)
(ဂ) ကန်မင်းသာစွ (ယိုးဒယား)

### "ဆိုင်းတစ်ဦးချင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) နှင်းယွန်းဂီမာန် (မွန်)
(ခ) သာရကာကျေး (ပတ်ပျိုး)
(ဂ) ရွှေနန်းအောင်ချာ (ကြိုး)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) တောတောင်စွယ် (ယိုးဒယား)
(စ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဆ) ဒီပါအေးမြ (ပတ်ပျိုး)
(ဇ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
(က) စိန်ငွေလျှံ (ပတ်ပျိုး)
(ခ) တောမြိုင်စွန်း (ယိုးဒယား)
(ဂ) ဟေမဝန်ချာ (ဘွဲ့)
(ဃ) သပြေပင်ဝန်း (ကြိုး)
(င) မှိုင်းမှိုင်းမြ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
(ခ) တာသစ်ကယ်လေကူး (ပတ်ပျိုး)
(ဂ) ကုဏ္ဍလာ (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) တောဟေဝန်လယ် (ယိုးဒယား)
(ခ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)
(ဂ) ကြောက်ဖွယ့်ဘုန်းတန်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) ရွှေဘုန်းရွှေဘုန်း (ကြိုး)
(ဂ) မြမန်းဂီရိ (ယိုးဒယား)

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ " ပြည်သူ့ကြားက ပြည်သူ့စကား "အစီအစဉ်မှ **"အစိုးရသစ်၏ ပိုမိုခိုင်မာလာသော နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် **"ဓမ္မနဲ့ အဓမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာ သတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက် NUG၊ PDF "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း မနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# နယ်စပ်များကိုကျော်လွန်သည့် မြန်မာ - ဘယ်လာရုစ် လူငယ်ချစ်ကြည်ရေး ပညာရေးခရီးစဉ်များ

ဒေါက်တာဇော်ထွန်းအောင်(ပညာရေး)

**"လူငယ်သည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖြစ်သည်"။ ဤဆိုရိုးစကားသည် ယနေ့ခေတ် ကမ္ဘာ့ယှဉ်ပြိုင်မှုခေတ်တွင် ပိုမိုအဓိပ္ပာယ်ပြည့်ဝလာပါသည်။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု၊ တီထွင်ဆန်းသစ်နိုင်မှုနှင့် နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းတို့ကို ဆုံးဖြတ်ပေးသည့် အရေးပါဆုံးအရင်းအမြစ်မှာ သဘာဝသယံဇာတများမဟုတ်ဘဲ ပညာဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် အမြင်ကျယ်သော လူ့စွမ်းအားအရင်းအမြစ်များပင် ဖြစ်ပါသည်။**

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအား နိုင်ငံတကာအတွေ့အကြုံများ၊ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များနှင့် ခေတ်မီသိပ္ပံနည်းပညာဆိုင်ရာ ဗဟုသုတများကို လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ ပေးအပ်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ပါသည်။ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ မြန်မာကျောင်းသားလူငယ်များ သွားရောက်လေ့လာခဲ့သည့် ချစ်ကြည်ရေးနှင့် ပညာရေးဖလှယ်ရေးခရီးစဉ်များသည် ထိုအချက်ကို ထင်ရှားစွာ သက်သေပြနေပါသည်။

**ခရီးစဉ်နောက်ခံ၊ ရည်ရွယ်ချက်နှင့် မြန်မာ–ဘယ်လာရုစ် ချစ်ကြည်ရေး၏ အဓိပ္ပာယ်**

နိုင်ငံတကာချစ်ကြည်ရေးနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံများအကြား နားလည်မှု၊ ယုံကြည်မှုနှင့် ရေရှည်မိတ်ဖက်ဆက်ဆံရေးများကို တည်ဆောက်ပေးနိုင်သည့် အရေးပါသော တံတားများဖြစ်ကြသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များအကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပညာရေးဆိုင်ရာ လေ့လာရေးခရီးစဉ်များသည် အနာဂတ်ခေါင်းဆောင်များ၏ ကမ္ဘာ့အမြင်ကို ကျယ်ပြန့်စေပြီး နိုင်ငံတကာအသိုက်အဝန်းအတွင်း တာဝန်ယူမှုရှိသော နိုင်ငံ့သားကောင်းများအဖြစ် ကြီးထွားလာစေရန် အထောက်အကူပြုလျက်ရှိပါသည်။

ထိုသို့သော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်ကို နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ ဤခရီးစဉ်သည် သာမန်နိုင်ငံခြားလေ့လာရေးခရီးတစ်ခုသာမဟုတ်ဘဲ မြန်မာ့မျိုးဆက်သစ်လူငယ်များအား နိုင်ငံတကာပတ်ဝန်းကျင်တွင် လေ့လာသင်ယူခွင့်ရရှိစေသည့် ပညာရေးဆိုင်ရာ အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါသည်။

ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ မြန်မာကျောင်းသားလူငယ်များအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏သမိုင်းအမွေအနှစ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် အထင်ကရ အမျိုးသားအမွေအနှစ်နေရာများကို ကိုယ်တိုင်လေ့လာသိရှိနိုင်ရန်ဖြစ်သကဲ့သို့ မိမိတို့၏ မြန်မာ့ယဉ်ကျေးမှု၊ ရိုးရာအနုပညာ၊ ပညာရေးစနစ်နှင့် အမျိုးသားဂုဏ်ရည်များကိုလည်း နိုင်ငံတကာမိတ်ဆွေများထံ ဂုဏ်ယူစွာ မျှဝေနိုင်စေရန် ဖြစ်ပါသည်။ ယင်းသည် လေ့လာသင်ယူခြင်းနှင့် ယဉ်ကျေးမှုသံတမန်ရေး (Cultural Diplomacy) ကို တစ်ပြိုင်နက်တည်း ဖော်ဆောင်နိုင်ခဲ့သည့် အစီအစဉ်တစ်ရပ်ဟု ဆိုနိုင်ပါသည်။

> **"ဘယ်လာရုစ်နိုင်ငံ နာရို့ချ်ရေကန်ကြီးဘေးတွင် တည်ရှိသော "နိုင်ငံတကာလူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးဗဟိုဌာန" (National Children's Educational and Health Center) "ဇူဗရိုနော့ခ်" (Zubrenok)သည် လူငယ်များ၏ ဦးဆောင်မှုစွမ်းရည်၊ စည်းကမ်းလိုက်နာမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာနားလည်မှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ထားသော အဆင့်မြင့် လူငယ်ပညာရေးဗဟိုဌာနတစ်ခုဖြစ်သည်။ ယင်းစင်တာသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ ကျောင်းသားလူငယ်များအား ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် နှစ်ကြိမ်ဆက်တိုက်စေလွှတ်နိုင်ခဲ့ပြီး ယင်းခရီးစဉ်များသည် မြန်မာ့မျိုးဆက်သစ်လူငယ်များအတွက် ကမ္ဘာ့အမြင် ကျယ်ပြန့်စေမည့် အဖိုးတန်အတွေ့အကြုံများ၏ မှတ်တိုင်များအဖြစ် ရပ်တည်ခဲ့"**

ဘယ်လာရုစ်နိုင်ငံ နာရို့ချ်ရေကန်ကြီးဘေးတွင် တည်ရှိသော "နိုင်ငံတကာ လူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးဗဟိုဌာန" (National Children's Educational and Health Center) "ဇူဗရိုနော့ခ်" (Zubrenok)သည် လူငယ်များ၏ ဦးဆောင်မှုစွမ်းရည်၊ စည်းကမ်းလိုက်နာမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာ နားလည်မှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ထားသော အဆင့်မြင့် လူငယ်ပညာရေးဗဟိုဌာနတစ်ခုဖြစ်သည်။ ယင်းစင်တာသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ ကျောင်းသားလူငယ်များအား ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် နှစ်ကြိမ်ဆက်တိုက် စေလွှတ်နိုင်ခဲ့ပြီး ယင်းခရီးစဉ်များသည် မြန်မာ့မျိုးဆက်သစ်လူငယ်များအတွက် ကမ္ဘာ့အမြင် ကျယ်ပြန့်စေမည့် အဖိုးတန်အတွေ့အကြုံများ၏ မှတ်တိုင်များအဖြစ် ရပ်တည်ခဲ့ပါသည်။

အကျဉ်းချုပ်အားဖြင့် ဤခရီးစဉ်သည် နိုင်ငံတကာချစ်ကြည်ရေး၊ ပညာရေးပူးပေါင်းဆောင်ရွက်မှုနှင့် လူငယ်ဖွံ့ဖြိုးရေးကို ပေါင်းစပ်ဖော်ဆောင်နိုင်ခဲ့သည့် အဓိပ္ပာယ်ပြည့်ဝသော အစီအစဉ်တစ်ရပ်ဖြစ်ပြီး မြန်မာ့မျိုးဆက်သစ်လူငယ်များအတွက် ကမ္ဘာ့အမြင်ကျယ်ပြန့်စေမည့် အဖိုးတန် အတွေ့အကြုံများ၏ အစပြုမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

**သင်ယူခြင်း၏ နယ်နိမိတ်သစ်များ – စာသင်ခန်းပြင်ပမှ ပညာရေး**

ပညာရေး၏ အနှစ်သာရသည် စာအုပ်များထဲမှ ဗဟုသုတများကိုသာ သင်ယူခြင်းမဟုတ်ဘဲ ကမ္ဘာကြီးကို နားလည်သဘောပေါက်လာစေရန်၊ မတူကွဲပြားသော ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားတတ်စေရန်နှင့် မိမိနိုင်ငံအတွက် အကျိုးပြုနိုင်သော နိုင်ငံသားကောင်းများ ဖြစ်လာစေရန် ဖြစ်ပါသည်။ **"ဇူဗရိုနော့ခ်"** စခန်းတွင် မြန်မာကျောင်းသားများသည် စာသင်ခန်းအတွင်းမှ သင်ယူခဲ့သော ဗဟုသုတများကို လက်တွေ့ဘဝအတွေ့အကြုံများဖြင့် ချဲ့ထွင်နိုင်ခဲ့ကြပါသည်။

နေ့စဉ်အချိန်ဇယားအတိုင်း စည်းကမ်းရှိစွာ နေထိုင်ခြင်း၊ နံနက်ခင်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ အဖွဲ့လိုက်တာဝန်ယူဆောင်ရွက်ခြင်းနှင့် ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေးအစီအစဉ်များတွင် ပါဝင်ခဲ့ကြရာ လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုပါသည်။ ထို့အပြင် ရေကူးခြင်း၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘောပြိုင်ပွဲများ၊ တင်းနစ်၊ စစ်တုရင်၊ မြားပစ်နှင့် ပစ်ခတ်မှုပုံစံသင်တန်းများတွင် ပါဝင်ခဲ့ကြပြီး ကျန်းမာကြံ့ခိုင်မှုသာမက အဖွဲ့လိုက်လုပ်ဆောင်နိုင်စွမ်းနှင့် ယှဉ်ပြိုင်မှုစိတ်ဓာတ်တို့ကိုလည်း မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

**ယဉ်ကျေးမှုဖလှယ်မှုမှ ချစ်ကြည်ရင်းနှီးမှုသို့ – နယ်စပ်များကို ကျော်လွန်သည့် မိတ်ဆွေများ**

ယဉ်ကျေးမှုဖလှယ်ခြင်းသည် မတူညီမှုများကို ဖျောက်ဖျက်ရန်မဟုတ်ပါ။ မတူညီမှုများကို နားလည်ပြီး တစ်ဦးနှင့်တစ်ဦး လေးစားတတ်ရန် ဖြစ်သည်။ **"ဇူဗရိုနော့ခ်"** စခန်းတွင် ဘယ်လာရုစ်၊ မြန်မာ၊ လာအိုနှင့် ပါလက်စတိုင်းနိုင်ငံများမှ လူငယ်များသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ၊ အနုပညာဖျော်ဖြေမှုများ၊ အမျိုးသားရိုးရာအကများနှင့် ဓလေ့ထုံးတမ်းများကို အပြန်အလှန်မျှဝေဖလှယ်ခဲ့ကြရာ ယဉ်ကျေးမှုကွဲပြားမှုများကို နားလည်လေးစားတတ်စေပြီး နိုင်ငံတကာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေခဲ့ပါသည်။

အထူးသဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့၊ အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးနေ့တွင် ကျင်းပခဲ့သည့် နိုင်ငံလေးနိုင်ငံပါဝင်သော Friendship Event ၌ မြန်မာကိုယ်စားလှယ်များက မြန်မာ့ယဉ်ကျေးမှု၏ဂုဏ်ကို ထင်ဟပ်စေသော တိုင်းရင်းသားရိုးရာအကအလှများနှင့် ဖျော်ဖြေတင်ဆက်မှုများကို ယုံကြည်မှုအပြည့်ဖြင့် တင်ဆက်နိုင်ခဲ့ကြပါသည်။ အရောင်စုံတိုင်းရင်းသားဝတ်စုံများ၊ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းသည့် ကကွက်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု၏ အလှတရားများသည် အခမ်းအနားတက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၏ စိတ်ဝင်စားမှုနှင့် ချီးကျူးမှုကို အထူးရရှိခဲ့ပါသည်။

**မျိုးဆက်သစ်ခေါင်းဆောင်များ မွေးထုတ်ပေးခြင်း– ခေါင်းဆောင်မှုစွမ်းရည်နှင့် ကမ္ဘာ့အမြင်**

နိုင်ငံတကာခရီးစဉ်တစ်ခုသည် ကျောင်းသားများ၏ သင်ယူမှုကို နည်းလမ်းများစွာဖြင့် တိုးတက်စေနိုင်သည်။ ပထမအချက်မှာ **"မိမိကိုယ်ကိုယုံကြည်မှု"** ဖြစ်သည်။ မိမိနိုင်ငံနှင့် ဝေးကွာသော နေရာတစ်ခုတွင် မတူညီသောလူများနှင့် ဆက်သွယ်ရခြင်းသည် ဆုံးဖြတ်ချက်ချနိုင်စွမ်းနှင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုကို တိုးတက်စေသည်။ ဒုတိယအချက်မှာ **"ဆက်သွယ်ပြောဆိုနိုင်စွမ်း"** ဖြစ်သည်။ ဘာသာစကားမတူညီသော်လည်း အပြန်အလှန်နားလည်ရန် ကြိုးပမ်းခြင်းသည် ဆက်သွယ်ရေးကျွမ်းကျင်မှုကို တိုးတက်စေသည်။ တတိယအချက်မှာ **"ပူးပေါင်းဆောင်ရွက်နိုင်စွမ်း"** ဖြစ်သည်။ အားကစား၊ အနုပညာ၊ ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့်အဖွဲ့လိုက် လှုပ်ရှားမှုများတွင် အတူတကွပါဝင်ခြင်းမှတစ်ဆင့် အဖွဲ့လိုက်လုပ်ဆောင်တတ်မှုနှင့် အခြားသူများ၏ အမြင်ကို လေးစားတတ်မှုတို့ တိုးတက်လာနိုင်သည်။

ထို့အပြင် **"နိုင်ငံတကာအမြင်"** လည်း ပိုမိုကျယ်ပြန့်လာမည်ဖြစ်သည်။ မိမိနိုင်ငံကိုသာ သိရှိခြင်းထက် အခြားနိုင်ငံများ၏ လူမှုဘဝ၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ကိုယ်တိုင်တွေ့မြင်လေ့လာခြင်းသည် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားတစ်ဦးအဖြစ် ဖွံ့ဖြိုးလာရန် အထောက်အကူပြုသည်။ ဤသို့သော အတွေ့အကြုံများမှတစ်ဆင့် ယနေ့၏ကျောင်းသားများသည် မနက်ဖြန်၏ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံသားကောင်းများအဖြစ်(Global Citizenship)တဖြည်းဖြည်းရင့်ကျက်လာကြမည်ဖြစ်သည်။

**မြန်မာ–ဘယ်လာရုစ် ချစ်ကြည်ရေး၏ အနာဂတ်– နှစ်နိုင်ငံဆက်ဆံရေး၏ လူငယ်သံတမန်များ**

နိုင်ငံများအကြား ဆက်ဆံရေးကို စီးပွားရေးနှင့် နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုများဖြင့်သာ တိုင်းတာခြင်းမဟုတ်ဘဲ ပညာရေး၊ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးကဏ္ဍများတွင် ချစ်ကြည်ရင်းနှီးစွာ လက်တွဲဆောင်ရွက်နိုင်မှုဖြင့်လည်း တိုင်းတာကြပါသည်။ မြန်မာကျောင်းသားများ ဘယ်လာရုစ်နိုင်ငံသို့သွားရောက်လေ့လာခြင်းသည် နိုင်ငံနှစ်နိုင်ငံအကြား ဆက်ဆံရေးကို အစိုးရအဆင့်တွင်သာ မထားဘဲ လူငယ်များအကြား ဆက်သွယ်မှုအဖြစ် တိုးချဲ့ပေးနိုင်သည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

ယနေ့တွေ့ဆုံကြသည့် ကျောင်းသားများသည် မနက်ဖြန်တွင် ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ဆရာများ၊ သိပ္ပံပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာကြမည်ဖြစ်သည်။ ယနေ့ရရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုသည် မနက်ဖြန်တွင် ပိုမိုကျယ်ပြန့်သော ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးပူးပေါင်းဆောင်ရွက်မှုများ၏ အခြေခံဖြစ်လာနိုင်သည်။

**၂၀၂၅ ခုနှစ် ပထမအကြိမ်မြောက် နိုင်ငံတကာ လူငယ်ချစ်ကြည်ရေးနှင့် လေ့လာရေးအစီအစဉ်**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး၏ ဖိတ်ကြားချက်အရ ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမများပါဝင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၃ ရက်နေ့အထိ ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်လေ့လာခဲ့ပါသည်။

**ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းမှု**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများမှ ပညာရေးထူးချွန်မှု၊ အကျင့်စာရိတ္တကောင်းမွန်မှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းရှိမှုတို့အပေါ် အခြေခံ၍ ရွေးချယ်ထားသည့် အသက် (၁၂) နှစ်မှ (၁၄) နှစ်အရွယ် ကျောင်းသား ၁၂ ဦး၊ ကျောင်းသူ ၁၂ ဦး ပါဝင်ခဲ့ကြပြီး ကြီးကြပ်ဆရာ ဆရာမများနှင့်အတူ စုစုပေါင်းကိုယ်စားလှယ် ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းတို့သည် မိမိတို့ကျောင်း၊ မိမိတို့မြို့တော်နှင့် မြန်မာနိုင်ငံကို ကိုယ်စားပြုသည့် **"လူငယ်သံတမန်များ"** အဖြစ် နိုင်ငံတကာ ချစ်ကြည်ရေးခရီးစဉ်တွင် ပါဝင်ခွင့်ရရှိခဲ့ကြခြင်း ဖြစ်ပါသည်။

**လေ့လာရေးအစီအစဉ်များ**

ခရီးစဉ်အတွင်း ကျောင်းသားလူငယ်များသည် ဘယ်လာရုစ်နိုင်ငံ၏ ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သမိုင်းဝင်အဆောက်အအုံများဖြစ်သော "Nesvizh Castle" နှင့် "Mir Castle" တို့သို့ သွားရောက်လေ့လာခဲ့ကြပါသည်။ ရာစုနှစ်များစွာ သက်တမ်းရှိသည့် အဆိုပါနန်းတော်များသည် ဘယ်လာရုစ်နိုင်ငံ၏သမိုင်းကြောင်း၊ ဗိသုကာလက်ရာများနှင့် ဥရောပယဉ်ကျေးမှုဖွံ့ဖြိုးမှုကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်အမွေအနှစ်များဖြစ်ကြောင်း သိရှိခွင့်ရခဲ့ကြပါသည်။

*စာမျက်နှာ ၁၇ သို့*

# (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၂၅**

၂၀၂၇ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား “လှပသာယာ ပြည်မြန်မာ” ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာလှပမှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်း ရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD)ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူ အကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။ ကိုယ်တိုင်ရိုက်ကူးထားသော ပုံဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အမှတ် (၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ဝ၁-၈၃၇၁၃၄၂၊ ၀၉- ၄၂၀၇၀၄၂၉၇ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင် ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

ထို့အပြင် Minsk မြို့၏ အထင်ကရ အဆောက်အအုံတစ်ခုဖြစ်သည့် ဘယ်လာရုစ်အမျိုးသား စာကြည့်တိုက်သို့ သွားရောက်လေ့လာခဲ့ရာ ကမ္ဘာ့အဆင့်မီ စာကြည့်တိုက်စနစ်များ၊ ဒီဂျစ်တယ် သတင်းအချက်အလက် စီမံခန့်ခွဲမှုနည်းပညာများနှင့် စာဖတ်ခြင်းယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့အကြုံများကို ရရှိခဲ့ကြပါသည်။ ထို့နောက် ဘယ်လာရုစ်အမျိုးသားပြတိုက်တွင် ဘယ်လာရုစ်နိုင်ငံ၏ လွတ်လပ်ရေးသမိုင်း၊ ဒုတိယကမ္ဘာစစ်အတွေ့အကြုံများနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာခဲ့ကြပါသည်။

**“ဇူဗရိုနော့ခ်” စခန်းတွင်း အတွေ့အကြုံများ**

စခန်းတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ် ၂၄ ဦး၊ လာအိုနိုင်ငံမှ ၂၄ ဦး၊ ပါလက်စတိုင်းမှ ၁၀ ဦးနှင့် အိမ်ရှင်ဘယ်လာရုစ်နိုင်ငံမှ လူငယ် ၂၀၀ ကျော်တို့ အတူတကွ နေထိုင်ခဲ့ကြပါသည်။ **“ဇူဗရိုနော့ခ်”**၏ ကျန်းမာရေးစင်တာတွင် Halotherapy (ဆားကုထုံး)၊ Aromatherapy (အနံ့ကုထုံး)နှင့် Aeroionotherapy (လေထုအိုင်ယွန်ကုထုံး)ကဲ့သို့သော ခေတ်မီကျန်းမာရေးအထောက်အကူပြုအစီအစဉ်များကို အခမဲ့ခံယူခွင့်ရရှိခဲ့ကြပါသည်။

ထို့အပြင် ဘယ်လာရုစ်နိုင်ငံ၏ ကျေးလက်ယဉ်ကျေးမှုနှင့် ရိုးရာအမွေအနှစ်များကို လေ့လာနိုင်ရန် "Nanosy Village" သို့ သွားရောက်ခဲ့ကြပြီး ဒုတိယကမ္ဘာစစ်ကာလအတွင်း ဖြစ်ပွားခဲ့သော လူသားတို့၏ ဆုံးရှုံးမှုများနှင့် စစ်ပွဲ၏အကျိုးဆက်များကို လေ့လာနိုင်ရန် "Khatyn Memorial Complex" သို့ သွားရောက်လေ့လာခဲ့ကြပါသည်။

လေ့လာရေးအစီအစဉ်များ အောင်မြင်စွာပြီးဆုံးပြီးနောက် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဩဂုတ်လ ၅ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

**၂၀၂၆ ခုနှစ် ဒုတိယအကြိမ်မြောက် နိုင်ငံတကာ လူငယ်ချစ်ကြည်ရေးနှင့် လေ့လာရေးအစီအစဉ်**

ပထမအကြိမ်ခရီးစဉ်၏ အောင်မြင်မှုများအပေါ် အခြေခံ၍ ပညာရေးဝန်ကြီးဌာနက နိုင်ငံတကာ လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များကို ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်လျက် “ဒုတိယအကြိမ်မြောက် နိုင်ငံတကာ လူငယ်ချစ်ကြည်ရေးနှင့် လေ့လာရေးအစီအစဉ် (The 2nd Youth Friendship and Study Programme)”ကို ဆက်လက်စီစဉ်ခဲ့ပါသည်။

**ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းမှု**

ဒုတိယအကြိမ်မြောက် နိုင်ငံတကာ လူငယ်ချစ်ကြည်ရေးနှင့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ထူးချွန်ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ် (ကျောင်းသား ၁၀ ဦး၊ ကျောင်းသူ ၁၀ ဦး၊ အုပ်ချုပ်သူ နှစ်ဦး) စုစုပေါင်း ၂၂ ဦးဖြင့် ရွေးချယ်စုဖွဲ့ လေ့ကျင့်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် သွားရောက်ခဲ့ကာ ဩဂုတ်လ ၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

**ကျယ်ပြန့်လာသည့် နိုင်ငံတကာပါဝင်မှု**

၂၀၂၆ ခုနှစ်တွင် **“ဇူဗရိုနော့ခ်”** စင်တာသည် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ကလေးငယ် ၃၀၀ ခန့်ကို လက်ခံကျင်းပရန်စီစဉ်ထားပြီး တရုတ်၊ ကာဂျစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ အယ်လ်ဂျီးရီးယား၊ မြန်မာ၊ ဇင်ဘာဘွေနှင့် အီဂျစ်နိုင်ငံတို့မှ ကလေးငယ်များ ပါဝင်မည်ဖြစ်သည်။ ယင်းအစီအစဉ်တွင် ကျန်းမာရေးစစ်ဆေးမှုနှင့် အပန်းဖြေအနားယူမှုအပြင် ယဉ်ကျေးမှုအစီအစဉ်များ၊ လေ့လာရေးခရီးစဉ်များနှင့် ဘယ်လာရုစ်နိုင်ငံ၏ ရိုးရာဓလေ့နှင့် လူမှုဘဝကို လေ့လာနိုင်သည့် အစီအစဉ်များလည်း ပါဝင်သည်။

**နယ်စပ်မရှိသော ချစ်ကြည်ရေး - "Zubrenok Gathers Friends" ၂၀၂၆ ယဉ်ကျေးမှု ဖလှယ်မှုမှ ချစ်ကြည်ရေးသို့**

၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ဘယ်လာရုစ်နိုင်ငံ Minsk Region၊ Myadel District ရှိ Zubrenok National Children’s Educational and Wellness Center ၌ "Zubrenok Gathers Friends" အစီအစဉ်ကို ကျင်းပခဲ့သည်။ ဘယ်လာရုစ်ပညာရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ ကျောင်းသား ၂၀ ပါဝင်ခဲ့ပြီး လာအိုနှင့် ဗီယက်နမ်နိုင်ငံမှ ကျောင်းသားများ၊ ဘယ်လာရုစ်လူငယ်များနှင့်အတူ ယဉ်ကျေးမှုဖလှယ်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသည်။

မြန်မာကျောင်းသားများက မိမိတို့၏ရိုးရာတေးဂီတနှင့် အကများကို တင်ဆက်ခဲ့ကြသကဲ့သို့ အခြားနိုင်ငံများ၏ ယဉ်ကျေးမှုများကိုလည်း လေ့လာခွင့်ရရှိခဲ့ကြသည်။ အခမ်းအနားသို့ ဘယ်လာရုစ်ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ သံတမန်များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ပြီး ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးလည်း တက်ရောက်ခဲ့သည်။ ဤအစီအစဉ်သည် ကလေးများအတွက် ပျော်ရွှင်ဖွယ်ရာလှုပ်ရှားမှုတစ်ခုသာမက **မတူညီသော ယဉ်ကျေးမှုများကို နားလည်လေးစားပြီး လူငယ်များအကြား ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ပေးသည့် နိုင်ငံတကာ ဖလှယ်ရေးအစီအစဉ်** တစ်ရပ်ဖြစ်သည်။

**လူငယ်များက တည်ဆောက်မည့် အနာဂတ်**

**"Zubrenok Gathers Friends"** ကဲ့သို့သော အစီအစဉ်များသည် စာသင်ခန်းပြင်ပမှ အရေးပါသော သင်ယူမှုအခွင့်အလမ်းများကို ဖန်တီးပေးသည်။ နိုင်ငံခြားကျောင်းသားများနှင့် အတူနေထိုင်၊ ဆက်သွယ်၊ ဖျော်ဖြေ၊ ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာလူငယ်များ၏ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ဆက်သွယ်ပြောဆိုမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာအမြင်တို့ တိုးတက်လာနိုင်သည်။ ယနေ့ Zubrenok တွင် တွေ့ဆုံကြသည့် ကလေးများသည် မနက်ဖြန်တွင် မိမိတို့နိုင်ငံများ၏ လူမှုဘဝကို တည်ဆောက်မည့် နိုင်ငံသားများ၊ ခေါင်းဆောင်များဖြစ်လာကြမည်ဖြစ်သည်။ ထို့ကြောင့် ယနေ့ဖွဲ့စည်းခဲ့သည့် မိတ်ဆွေဖွဲ့မှုများသည် မနက်ဖြန်တွင် ပိုမိုကျယ်ပြန့်သော ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးပူးပေါင်းဆောင်ရွက်မှုများ၏ အခြေခံဖြစ်လာနိုင်သည်။

**လေ့လာသင်ယူမှုမှ နိုင်ငံတကာကွန်ရက်သို့**

ယင်းအစီအစဉ်တွင်ပါဝင်ခဲ့သည့် ကျောင်းသားကျောင်းသူများသည် နိုင်ငံတကာအဆင့်မီ ပညာရေးပတ်ဝန်းကျင်များကို သွားရောက်လေ့လာခွင့်များ ရရှိခဲ့ကြသည်။ နိုင်ငံကိုယ်စားပြု လူငယ်များသည် အုပ်စုအလိုက် သင်ကြားသင်ယူမှုများကို စနစ်တကျ လေ့လာခွင့်ရရှိသည်မှာ တန်ဖိုးကြီးမားလှပါသည်။ သမိုင်းဝင် အထင်ကရနေရာများ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် လူငယ်ဖွံ့ဖြိုးရေးစင်တာများသို့လည်း သွားရောက်ခဲ့ကြသည်။ ထို့ပြင် မတူညီသောနိုင်ငံများမှ လူငယ်များနှင့်အတူတကွ နေထိုင်သင်ယူရင်း နိုင်ငံတကာ မိတ်ဆွေကွန်ရက်များ အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြပြီဖြစ်ပါသည်။

ဤဒုတိယအကြိမ်မြောက် အစီအစဉ်သည် နိုင်ငံတကာအတွေ့အကြုံ၊ ခေါင်းဆောင်မှုစွမ်းရည်၊ ဆက်သွယ်ရေးစွမ်းရည်နှင့် ကမ္ဘာ့အမြင်ကျယ်ဝန်းမှုတို့ကို တစ်ပြိုင်နက်တည်း မြှင့်တင်ပေးနိုင်သည့် ထူးခြားသော လူငယ်ဖွံ့ဖြိုးရေးအခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။ အနာဂတ်မြန်မာနိုင်ငံတော်ကို ဦးဆောင်မည့် မျိုးဆက်သစ်လူငယ်များအတွက် ဤအစီအစဉ်သည် **“နိုင်ငံတကာစင်မြင့်သို့ လှမ်းတက်နိုင်မည့် ရွှေတံခါးတစ်ချပ်”** ဟုပင် ဆိုနိုင်မည်ဖြစ်ပါသည်။

**အနာဂတ်အတွက် မျိုးဆက်သစ်တံတား**

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို လူငယ်များက တည်ဆောက်ကြသည်။ လူငယ်များသည် ကမ္ဘာကြီးကို ပိုမိုနားလည်လာလေလေ မိမိနိုင်ငံကိုလည်း ပိုမိုကောင်းမွန်စွာ ကိုယ်စားပြုနိုင်လေလေဖြစ်သည်။ ယနေ့ ဘယ်လာရုစ်မြေတွင် အတူတကွ ရယ်မော၊ လေ့လာ၊ ဖျော်ဖြေပြီး မိတ်ဆွေဖွဲ့နေကြသော မြန်မာနှင့် နိုင်ငံတကာကလေးများ၏ ပုံရိပ်များသည် **“နယ်စပ်များကို ခြားနားစေသည့် မျဉ်းများထက် လူငယ်များ၏ ချစ်ကြည်ရင်းနှီးမှုက ပိုမိုခိုင်မာနိုင်ကြောင်း”** ပြသနေပါသည်။

ယနေ့မြန်မာ့လူငယ်များ၏ ထူးချွန်မှုများကို မြင်တွေ့ရသည့်အခါ နိုင်ငံတော်၏အနာဂတ်အတွက် ယုံကြည်မှုနှင့် မျှော်လင့်ချက်များ ပိုမိုခိုင်မာလာပါသည်။ သူတို့၏ ရဲရင့်မှု၊ စည်းကမ်းရှိမှု၊ ဗဟုသုတရှာဖွေလိုစိတ်နှင့် နိုင်ငံတကာမိတ်ဆွေများနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းတို့သည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးမြင့်မားလာနေကြောင်းကို ကမ္ဘာ့အလယ်တွင် ပြသနိုင်ခဲ့ပါသည်။

**“ကမ္ဘာကို လေ့လာပါ၊ မိမိနိုင်ငံကို ဂုဏ်ယူပါ၊ အနာဂတ်ကို ဦးဆောင်ပါ”** ဟူသော ရည်မှန်းချက်နှင့်အတူ မြန်မာ့မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတကာချစ်ကြည်ရေးတံတားများကို ဆက်လက်တည်ဆောက်ကာ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ပိုမိုတောက်ပစွာ ထွန်းလင်းစေနိုင်ကြမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

**ကလေးများဆုံတွေ့ရာတွင် ယဉ်ကျေးမှုများ ဆုံတွေ့ကြပြီး ယဉ်ကျေးမှုများ ဆုံတွေ့ရာမှ နားလည်မှုနှင့် ချစ်ကြည်ရေးပေါက်ဖွားလာသည်။ ထိုချစ်ကြည်ရေးသည် နိုင်ငံများအကြား ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ပေးမည့် ခိုင်မာသောတံတားတစ်စင်း ဖြစ်လာနိုင်ပါသည်။**

“နိုင်ငံတကာစင်မြင့်ထက်တွင် မြန်မာ့လူငယ်ထု၏ အရည်အသွေးများ ထွန်းလင်းတောက်ပပြီး နိုင်ငံတော်ကြီး ထာဝရခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေ”။ ။

---

**ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြု**

**နေပြည်တော် ဩဂုတ် ၂၅**

ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးလက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေ သုံးလက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

## ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား အထူးအစီအမံများရေးဆွဲ ဆောင်ရွက်မည်



**ပဲခူး ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို လက်ရှိ ဆောင်ရွက်နေသည့် မူဝါဒများ၊ မဟာဗျူဟာများအပေါ် စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်း လုပ်ငန်းများ သုံးသပ်ဆောင်ရွက်ခြင်းတို့ဖြင့် အထူးအစီအမံများ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်စပ်အသီးသီးမှ တရားမဝင် ကုန်သွယ်မှု ဝင်/ထွက်ဂိတ်များ၊ သိုလှောင်ရုံများ၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် မြို့ကြီးများရှိ ဖြန့်ဖြူးမှုများကို သတင်းလက်ဦးမှုဖြင့် ရှာဖွေဖော်ထုတ်ခြင်း၊ တရားမဝင်ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်သူများနှင့် ကူညီသူများအား တည်ဆဲဥပဒေများနှင့်အညီ အမြန်ဆုံးအရေးယူခြင်းနှင့် အမြဲတမ်း စစ်ဆေးရေးစခန်းများကို ရှောင်ကွင်း၍ မည်သည့်နည်းလမ်းဖြင့်မျှ မသွားနိုင်စေရန် တိုင်းဒေသကြီး အထူးအဖွဲ့က အထူးအစီအမံများ ရေးဆွဲကာ လက်တွေ့တားဆီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်ကဲ့သို့သော ဖမ်းဆီးရမိပစ္စည်းများ အပ်နှံရာတွင် နှောင့်နှေးကြန့်ကြာမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချိုက ဩဂုတ် ၂၄ ရက်တွင် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## တောင်ငူ၌ ပြည်သူ့စကားဝိုင်းကျင်းပ

**တောင်ငူ ဩဂုတ် ၂၅**

တောင်ငူမြို့နယ် လဲဘူးကျေးရွာ ရွာလယ်ကျောင်းဓမ္မာရုံ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းထွေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးသန်းစိုးက စတင်ဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းထိန်းသိမ်းရေး၊ ဆည်မြောင်းတည်ဆောက်ရေး-၅ နှင့် မြို့နယ်ပညာရေးမှူးရုံးတို့က ဆွေးနွေးကြပြီး တက်ရောက်လာကြသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားသည်။ **ခင်ဖုန်း(တောင်ငူ)**

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော



**ရန်ကုန် ဩဂုတ် ၂၅**

တောင်ဥက္ကလာပမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်) လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ ဦးစီးအရာရှိက သတိပြုဖွယ်မူးယစ်ဆေးဝါးအန္တရာယ်များကို မူးယစ်အန္တရာယ် လူ့ရန်စွယ်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး အမှတ်(၁)မူးယစ်တပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**



## ဒိုက်ဦးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ဒိုက်ဦး ဩဂုတ် ၂၅**

ဒိုက်ဦးမြို့နယ်ဥပဒေရုံးမှ ကြီးကြပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို ဩဂုတ် ၂၂ ရက်က ဒိုက်ဦးမြို့ ကတုတ်ဘုရားကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် ဘုရားကြီးကွင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတို့၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ကတုတ်ဘုရားကြီးကျေးရွာအုပ်စု၊ ကတုတ်ရွာမကျေးရွာအုပ်စု၊ ဘုရားကြီးကွင်းကျေးရွာအုပ်စု၊ ကျိုက်စကောအရှေ့နှင့် အနောက်ကျေးရွာအုပ်စု၊ တမံကြီးကျေးရွာအုပ်စု၊ ဗျိုင်းချယ်ကျေးရွာအုပ်စု၊ ပျဉ်းမလွင်ကျေးရွာအုပ်စုများမှ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း သင်တန်းဆင်းရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သင်တန်းသား သင်တန်းသူ ၁၅၀ ခန့်အား ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေတို့ကို ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခိုင်သူသူဦးက ရှင်းလင်းဖြေကြားပေးခဲ့သည်။ **စိုးထက်ကျော်(ပြန်/ဆက်)**

## မအူပင်မြို့နယ်၌ စက်ချုပ်နည်းပညာ မွမ်းမံသင်တန်းဆင်း



**မအူပင် ဩဂုတ် ၂၅**

မအူပင်မြို့နယ်၌ ကျေးလက်နေ မိသားစု ဝင်ငွေတိုးရေးစီမံကိန်း စက်ချုပ်နည်းပညာ မွမ်းမံသင်တန်းဆင်းပွဲကို ဩဂုတ် ၂၃ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပရာ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်ခိုင်ခိုင်ဝင်းက အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း အခြေခံနှင့်မွမ်းမံ စက်ချုပ်နည်းပညာသင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စားလှယ်များက သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းမှ ထွက်ရှိသည့် ကုန်ချောပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## မိုင်းဆတ်မြို့၌ ဒေသကြက်နှင့် ဝက်များ ဖြန့်ဖြူးပေး



**မိုင်းဆတ် ဩဂုတ် ၂၅**

မိုင်းဆတ်မြို့၌ ဘိန်းအစားထိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် ဒေသကြက်နှင့် ဝက်များဖြန့်ဖြူးပေးခြင်းကို ယမန်နေ့က နောင်ဖာကျေးရွာ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးစိုင်းမိုးဇော်ဦးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်တို့က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာစောထက်ဝင်းက ဒေသကြက်နှင့်ဝက်များ ဖြန့်ဖြူးပေးရသည့်ရည်ရွယ်ချက်နှင့် စနစ်တကျမွေးမြူနိုင်ရေး ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုလျှင် ကြက် ငါးကောင်နှုန်းဖြင့် အိမ်ထောင်စု ၁၀ စု အတွက် ကြက် အကောင် ၅၀ နှင့် အိမ်ထောင်စုတစ်စုလျှင် ဝက်တစ်ကောင်နှုန်းဖြင့် အိမ်ထောင်ငါးစုအတွက် ဝက်ငါးကောင်ကို ဒေသခံပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(မိုင်းဆတ်)**



ကြံခင်းမြို့နယ် ကုန်စျေးနှုန်းတည်ငြိမ် ကျဆင်းရေးကော်မတီအဖွဲ့ဝင်များနှင့် စားအုန်းဆီလက်လီ လက်ကား ရောင်းဝယ်ရေးလုပ်ငန်းရှင်များပူးပေါင်း၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လစာထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီ၊ ဆန်နှင့် ကြက်ဥများကို အဆိုပါဘဏ်ရှေ့၌ ဩဂုတ် ၂၄ ရက်က သက်သာသောစျေးနှုန်းဖြင့် ရောင်းချပေးစဉ်။ ဖြိုးဝေလင်း(ပြန်/ဆက်)

## ပန်းတနော်မြို့နယ်၌ ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ပန်းတနော် ဩဂုတ် ၂၅**

ပန်းတနော်မြို့နယ်အတွင်းရှိ ရေပေါ်ကြီးကျေးရွာအုပ်စု၊ တောကျောင်းကျေးရွာအုပ်စု၊ ကဿဝင်ကျေးရွာအုပ်စုနှင့် ဘဝိုင်းကျေးရွာအုပ်စုများ၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စုများအား



ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ဒေါင့်ကြီးကျေးရွာရှိ ရတနာသိဂီဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းသန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်းနှင့် မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်တို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြစ်ကမ်းပါးပြိုကျမှုကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စု ၁၄၉ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ခြောက်ပြည်၊ ဆီ တစ်ပိဿာ၊ ကြက်ဥ ငါးလုံးနှုန်း ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်မာလွင်နှင့် အဖွဲ့ဝင်များက ပေါင်မုန့်အထုပ်ကြီး ၂၅ ထုပ်၊ ခေါက်ဆွဲခြောက်ငါးထုပ်ပါ ၁၅ ထုပ်နှင့် ကွေကာအုပ် ၁၅ ထုပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

သစ်တောမှန်လျှင် အသုံးဝင်၊
အစဉ်ထာဝရ ထိန်းသိမ်းကြ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၂

ဒေါ်သင်းသင်းမြတ် နှင့် ဒုရဲမှူး မြဝင်း
(တရားလို) (တရားပြိုင်)

အေးသာယာမြို့၊ ရပ်ကွက်(၆)နေ ဒုရဲမှူး မြဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်သင်းသင်းမြတ်က "အိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆို ပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စည်းစိမ်မှူး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ တပင်ရွှေထီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- ၁/မင်းရဲကျော်စွာအနောက်၊ ဦးပိုင်အမှတ်(၁၃၂)၊ ဧရိယာ(၀.၁၂၄)ကေနှင့် အကွက်အမှတ်နှင့်အမည်- ၁/ မင်းရဲကျော်စွာအနောက်၊ ဦးပိုင်အမှတ်(၁၃၃)၊ ဧရိယာ (၀.၁၂၄)ကေရှိမြေအား ဦးမြင့်အောင်အမည်ဖြင့် မြေငှားဂရန်အသစ် လာရောက်လျှောက် ထားလာပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့် အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၉/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၈၄)၊ မြေဧရိယာ(၀.၀၂၈)ကေရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်စန္ဒာလင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် ၈၀၆၊ ဦးပိုင်အမှတ် ၆၅-မ၊ ၆၂-A လမ်း၊ ၂၇x၂၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ဖြိုးထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၂၂၆၅/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဒီလာမာယာ ၉/မကန (နိုင်)၁၈၂၀၃၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၇၊ ဦးပိုင်အမှတ် ၁၀၄ ၊ ၁၈x၁၉ကြား၊ ၆၂x၆၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှထွေး ၉/မနမ(နိုင်) ၀၆၅၆၈၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(ငါးပါးသီလစာသင်ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၁၁၆၇)၊ ဧရိယာ(၀.၀၆၈) ကေ၊ မြေငှားဂရန်အမှုတွဲအမှတ် ၈၂၈-၅/၂၀၁၉-၂၀၂၀၊ ဦးရန်သင်ဖူး၁၃/လရန(နိုင်)၀၅၆၃၂၄ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား ဦးရန်သင်ဖူးမှစာချုပ်အမှတ်(၂၁၇၊/၂၀၂၁)ဖြင့် ဒေါ်ဟွေကျင် ၁၃/လရန(နိုင်)၁၆၅၃၀၆ သို့လည်းကောင်း၊ ဒေါ်ဟွေကျင်မှ စာချုပ်အမှတ်(၃၃၇၊/၂၀၂၂)ဖြင့် ဒေါ်အေးအေးသန်း ၁၃/လရန(နိုင်)၂၂၁၈၈၅ သို့ လည်းကောင်း ရောင်းချပေးပြီးဖြစ်၍ ဒေါ်အေးအေးသန်း အမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက် အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်အေးအေးသန်း အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ် ကြောင်းကြော်ငြာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့ နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၁၁

ဦးသီဟကျော်စွာ နှင့် ဦးတင်ရွှေ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် (ဒဒ-၅)၊ ဦးပိုင် (၁၅)နေ ဦးတင်ရွှေ(ဘ)ဦးမုန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသီဟကျော်စွာက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင်(ဈ)ရပ်ကွက်၊ ယခု(ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၀)၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ (၀.၀၅၁)ကေ အကျယ်အဝန်းရှိ ဦးတင်ရွှေ အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊စက်တင်ဘာလ ၇ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ် လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၉-ခ)၊ ကျောက်ပန်းတောင်းတောင်ကွင်း၊ မြေကွက်အမှတ်(၃၄၉/၁၂၈၉)၊ မြေဧရိယာ (၀.၀၅၀)ကေအား လူနေထိုင်အသုံးပြုရန်အတွက် ဦးယုဝေ၊ ၅/စကန(နိုင်) ၀၂၆၄၁၃မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆)မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြော်ငြာလိုက်သည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၆-ဈေးကွက်၊ဦးပိုင်အမှတ်-၂၆၄၊ ဧရိယာ(၀.၀၄၉) ကေရှိသောဘိုးဘပိုင် မြေနှင့်တကွ ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်နေအိမ်အဆောက်အအုံအပါ အဝင် အရပ်ရပ်အကျိုးခံစားခွင့်တို့ကို အမွေဆက်ခံပိုင်ဆိုင်၍ အကျိုးခံစားနေသူများဖြစ် ကြသည့် ဦးမျိုးမင်း၊ ဒေါ်ထားထားလှိုင်၊ ဒေါ်မြတ်ယုဆွေတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငွေးဝင်း၊ ဒေါ်စန်းစန်းကြည်တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေဥပစာနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ အရပ်ရပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်ဦး(LLB) အထက်တန်းရှေ့နေ၊ စဉ်-၄၉၁၈၁**
**မင်္ဂလာဦး၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ဖုန်း- ၀၉-၂၆၃၅၆၀၆၉၄**

## ဒေါ်ပြည့်စုံဖြိုးနှင့် အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေ မြို့နယ်၊ ၈၂လမ်း၊ ၃၉/၄၀ကြား နေ ဦးအဲလစ်ထွန်း(ဘ) ဦးထွန်းထွန်းနိုင် (၅/ကဘလ(နိုင်) ၂၆၆၀၉၇) မှ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်တော် ဦးအဲလစ်ထွန်းနှင့် ဒေါ်ပြည့်စုံဖြိုးတို့သည် (၁၅-၅-၂၀၂၂) ရက်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ ပေါင်းသင်းနေထိုင်စဉ် အတွင်းလက်ထပ်ပွဲပြုလုပ်ခြင်း တစ်စုံတစ်ရာထွန်းကားခဲ့ခြင်းလည်းမရှိပါကြောင်းနှင့် ဇနီးဖြစ်သူမှ အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်သည့်အပြင် ပေါင်းသင်းနေထိုင်ရန်ငြင်းဆန်ခဲ့ပြီး (၂၀၂၃) ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်ကြခြင်း မရှိတော့ဘဲ(၃)နှစ်ကျော် အဆက်အသွယ်ဖြတ်တောက်သွားခဲ့သဖြင့် ဒေါ်ပြည့်စုံဖြိုးအား ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့မှစ၍ ဒေါ်ပြည့်စုံဖြိုးနှင့်ပတ်သက်ပြီး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း၊ အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအဲလစ်ထွန်း ၅/ကဘလ(နိုင်)၂၆၆၀၉၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၀

၁။ ဒေါ်ဥမ္မာကြည် နှင့် ဦးဘီမေးလ်
၂။ ဒေါ်မြင့်မြင့်အေး
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက် (ထထ-၃)၊ ဦးပိုင် (၃၅)နေ ဦးဘီမေးလ်(ဘ)ဦးဘစ္စနား (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဥမ္မာကြည်နှင့် ဒေါ်မြင့်မြင့်အေးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၇)၊ ဦးပိုင် အမှတ်(၄၂)၊ ဧရိယာ (၀.၀၅၅)ကေ အကျယ်အဝန်းရှိ ဦးဘီမေးလ် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလို ကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊စက်တင်ဘာလ ၇ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## Agency ဖျက်သိမ်းကြောင်းကြော်ငြာ

SHWE MAWKUNN STAR CO., LTD.သည် (၂၀၂၆-၂၀၂၈)မှစတင်၍ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်း မရှိတော့ပါသဖြင့် AGENCY ဖျက်သိမ်းကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**SHWE MAWKUNN STAR CO., LTD.**
**Ph: 09-5059725**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA - V /ကွက်ပြင် - ၅ ) ဦးပိုင်အမှတ်(၁၉-ခ)၊ မြေဧရိယာ ( ၀.၅၇ ) ကေရှိမြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ကျင်စန်းမှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြရတနာ(၁)လမ်း၊ မြေကွက်အမှတ်(၅၃၁/က) ဟုခေါ်တွင်သော မြေအလျား xအနံပေ(၂၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန်းလှ (၁၄/ဟသတ(နိုင်)၀၄၀၀၀၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ယုမြတ်လှိုင်(၁၄/အမန(နိုင်)၀၉၂၇၇၂)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းသူရဇော် (LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)
**ဒေါ်ယမင်းထွေး (LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)
**ဦးရဲသီဟ (LL.B)** အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း -၀၉- ၇၇၂၇၇၇၇၁၂၊ ၀၉- ၄၅၆၉၉၆၇၇၆၊ ၀၉- ၉၇၃၀၀၂၁၁၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ လူနေရပ်ကွက်အမှတ်-ရွှေပေါက်ကံ၊ မြေကွက်အမှတ်(၉၁၇)၊ ဓမ္မာရုံလမ်း၊ အမှတ်(၉၁၇)ဟုခေါ်တွင်သော ပါမစ်မြေ အမျိုးအစား ဒေါ်တင်တင်ရီ (ISN -၄၀၁၂၉၄) အမည်ပေါက် အကျယ်အဝန်း (အလျား ပေ ၄၀ x အနံ ပေ ၆၀)မြေ အနက်မှ ဓမ္မာရုံလမ်းနှင့် အောင်သိဒ္ဓိလမ်းထောင့် အကျယ်အဝန်း (အလျား ပေ ၂၀ x အနံ ပေ ၆၀)မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးလင်းကိုကိုဦး (၁၂/ရကန(နိုင်)၀၇၃၃၅၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လွင် (၁၂/ဥကမ(နိုင်) ၀၈၉၂၁၃) မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ် မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးမောင်မောင်လွင် ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လွင်မာဦး(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၁၁)
**ဒေါ်နန်းစန်းယုမော်(LL.B,LL.M)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၉၁)
**ဒေါ်ဖြူဇင်ဦး(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၈၁၉၆)

အမှတ်(၁၄၂)၊ ပထမထပ်(A-2)၊ ပိတောက်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်( မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၉၆၈၆၀၈၈

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၇၀၃၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/16875, Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုသီရိနွယ် ၁၃/လရန(နိုင်) ၂၄၁၈၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- ၂/ကေရီ၊ ဦးပိုင်အမှတ်(၉၇)၊ ဧရိယာ(၀ဒသမ၀၂၄)ကေရှိမြေအား ဒေါ်ဆွေဆွေသော် အမည်ဖြင့် သက်တမ်းတွင်း/အမည်ပြောင်း မြေငှားဂရန် လာရောက်လျှောက်ထားလာပါသောကြောင့် ကန့်ကွက်လိုသူများ အနေဖြင့် ခိုင်မာသည့် အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/61859, Zhineng-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိုက် ၁၄/ပသန(နိုင်) ၁၅၅၁၃၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/74336, Honda Wave-100 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးမင်းစိုး ၁၄/ရကန(နိုင်) ၁၄၅၀၃၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၁၅၄၈ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိန် ၁၀/မဒန (နိုင်)၁၃၀၈၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၇၇၃၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ထိုက် ၁၀/သဖရ(နိုင်)၀၈၁၈၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၈၂၅၄၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လဝန်းလျှံ ၁၀/မဒန(နိုင်)၂၁၈၀၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
# ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၅)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (BASc) (၄)နှစ်သင်တန်းသို့ တက်ရောက်ပညာ သင်ကြားခွင့်ရရှိရန်အတွက် (၁) ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးမြူရေးအတတ်ပညာကို Grade A ဖြင့် အောင်မြင်သူများ၊ (၂) ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် STEAMS-1 ဖြင့် အောင်မြင်သူများနှင့် (၃) General Certificate of Education Advanced Level (GCE 'A' Level) နှင့် International Baccalaureate IB Diploma Programme ဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ (က) တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၅)နှစ်သင်တန်းအတွက် အမျိုးသားဦးရေ(၇၅)ဦးနှင့် အမျိုးသမီးဦးရေ (၇၅)ဦး စုစုပေါင်း (၁၅၀)ဦး လက်ခံမည်။ မွေးမြူရေးပညာဘွဲ့ (BASc) (၄)နှစ်သင်တန်းအတွက် အမျိုးသားဦးရေ(၇၅)ဦးနှင့် အမျိုးသမီးဦးရေ (၇၅)ဦး စုစုပေါင်း (၁၅၀)ဦး လက်ခံမည်။ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် မွေးမြူရေး ပညာဘွဲ့ အတွက် အမျိုးသား ဦးရေ ၅၀% နှင့် အမျိုးသမီးဦးရေ ၅၀% လက်ခံမည်။

(ခ) အပ်နှင်းသောဘွဲ့မှာ တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine – DVM) နှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science – BASc) ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည် –

(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးမြူရေး အတတ်ပညာကို (Grade A ) ဖြင့် အောင်မြင်ရမည်။ စုစုပေါင်း လက်ခံမည့်ဦးရေ၏ (၇၀%)စီကို DVM သင်တန်းနှင့် BASc သင်တန်းအတွက် လက်ခံမည်။

(ဂ) ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲကို DVM သင်တန်းအတွက် စုစုပေါင်းရမှတ် (၄၁၀)မှတ်နှင့် BASc သင်တန်းအတွက် စုစုပေါင်းရမှတ် (၃၅၀)မှတ်ဖြင့် အောင်မြင်ပြီး စုစုပေါင်းလက်ခံမည့်ဦးရေ၏ (၂၇%)စီကို လက်ခံမည်။

